မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၂ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်ထား လိုက်သည် -

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ဌာန |
|---|---|---|
| (က) | ဦးဇော်ဟိန်း<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အားကစားဝန်ကြီးဌာန |
| (ခ) | ဦးရည်မွန်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးခင်မောင်တင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အထည်အလိပ်လုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |
| (ခ) | ဦးသန့်စင် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (ဂ) ဒေါ်နိုင်သက်ဦး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

### ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၅၊ ပုဒ်မခွဲ (ခ) နှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်းများတွင် အကျုံးဝင်သည့် ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၄) ခွင့်ပြုချက်ဖြင့် အောက်ပါဇယားအပိုဒ်ခွဲ (က) တွင် ပါရှိသော အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အား လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြေပုံအညွှန်းပါ ဧရိယာအကျယ်အဝန်း၊ နယ်မြေသတ်မှတ်ချက်တွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ တစ်နှစ်တိတိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

| **လုပ်ကိုင်ခွင့်ပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ အကျယ်အဝန်း၊ မြေပုံအညွှန်း** | | |
|---|---|---|
| (က) | အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အမည် | - ဒေါ်နုနုလတ် |
| (ခ) | မှတ်ပုံတင်အမှတ် | - ၇/နတလ (နိုင်) ၀၀၁၁၄၂ |
| (ဂ) | နေရပ်လိပ်စာအပြည့်အစုံ | - အမှတ် (၁)၊ သီရိနန္ဒာရိပ်သာ၊ သီရိနန္ဒာလမ်းသွယ် (၃)၊ ပွေးတောင်၊ ပြင်ဦးလွင်မြို့။ |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် | - မကွေးတိုင်းဒေသကြီး |
| (င) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | - |
| (စ) | ခရိုင် | - သရက် |
| (ဆ) | မြို့နယ် | - မင်းလှ |
| (ဇ) | အကျယ်အဝန်း (ဧက) | - ၆၀၀ ဧက |
| (ဈ) | နယ်မြေသတ်မှတ်ချက် | - (၁) ဇက်-၂၇၅၉၆၀ မှ ဇက်-၂၉၀၉၆၀ ထိ<br>(၂) ဇက်-၂၉၀၉၆၀ မှ ဇက်-၂၉၀၉၄၀ ထိ<br>(၃) ဇက်-၂၉၀၉၄၀ မှ ဇက်-၂၇၅၉၄၀ ထိ<br>(၄) ဇက်-၂၇၅၉၄၀ မှ ဇက်-၂၇၅၉၆၀ ထိ |
| (ည) | မြေပုံညွှန်း | - တစ်လက်မ = တစ်မိုင်စကေး |
| (ဋ) | မြေပုံအမှတ် | - **(၈၅/အမ်-၂)** |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အသင်း၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်သည့်နေ့မှစတင်၍ ဤခွင့်ပြုမိန့်နှင့်ပူးတွဲပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အညီ တိတိကျကျလုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ အရ အထက်အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်တာဝန်ကို ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

ပူးတွဲ

၁။ ရေနံလက်ယက်တွင်း (ပေတိမ်) တူးဖော်ရာတွင် အများဆုံး အနက်ပေ ၁၀၀၀ (ပေတစ်ထောင်) အထိသာ တူးဖော်ရမည်။

၂။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းရှိ တွင်းတစ်တွင်း သို့မဟုတ် တွင်းစုများ၏ပတ်ဝန်းကျင် ပေ ၅၀ အကွာမှ စည်းရိုးဝင်းခြံပြုလုပ်၍ အကာအကွယ်၊ အဟန့်အတားပြုလုပ်ထားရမည်။

၃။ လုပ်ကိုင်ခွင့်ပြုသည့်ဧရိယာအတွင်းသို့ အသက်မပြည့်သေးသော ကလေးသူငယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မဝင်ရောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရမည်။

၄။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များ စနစ်တကျကြိုတင်ထားရှိရမည်။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့်ဧရိယာများတွင် ရေနံစိမ်းများ စီးဆင်းယိုဖိတ်မှုမဖြစ်စေရေးကို အထူးကြပ်မတ်ဆောင်ရွက်ရမည်။

၆။ ရေနံတူးဖော်စဉ် သဘာဝဓာတ်ငွေ့ထွက်ရှိပါက စွမ်းအင်ဝန်ကြီးဌာနသို့ချက်ချင်းအကြောင်းကြားရမည်။

၇။ နေ့စဉ် ရေနံစိမ်းထုတ်လုပ်မှုပမာဏကို စာရင်းဇယားများ ပြုစုထားရှိပြီး တစ်လလျှင် တစ်ကြိမ် ထုတ်လုပ်မှုစုစုပေါင်းကို လကုန်ပြီးနောက် ခုနစ်ရက်အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်တင်ပြရမည်။

၈။ တူးဖော်ထုတ်လုပ်ခွင့်ရရှိသူအနေဖြင့် လျှောက်လွှာစိစစ်ပေးရသည့် ဝန်ဆောင်ခ၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (အသစ်) ကြေး၊ တူးဖော်ခွင့်ပြုမိန့်လိုင်စင် (သက်တမ်းတိုး) ကြေးနှင့် တူးဖော်လုပ်ကိုင်ခွင့်ရရှိသည့် မြေငှားရမ်းခတို့ကို သတ်မှတ်နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ရမည်။

၉။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သတ်မှတ်သည့် ခိုင်ကြေး (Royalty) ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ မပျက်မကွက်ပေးဆောင်ရမည်။

၁၀။ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများရောင်းချမှုအပေါ်တွင် စည်းကြပ်သည့်အမြတ်ခွန်ကို မပျက်မကွက်ပေးဆောင်ရမည်။

၁၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိသည့် ရေနံလက်ယက်တွင်းတိမ် ရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာစစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ လုပ်ကိုင်ခွင့်ပြုမိန့် (အသစ်) နှင့် ခွင့်ပြုမိန့် (သက်တမ်းတိုး) ရရှိသူအားလုံးအတွက် **သုံးလအတွင်း ရေနံ**ထုတ်လုပ်နိုင်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

**မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရန် အထူးစီမံလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) ရေနံလက်ယက်တွင်းတိမ်တူးရန်နေရာကို တွင်းတစ်တွင်းနှင့်တစ်တွင်းကြား အရေးပေါ် မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် လမ်းနေရာချန်လှပ်၍ သတ်မှတ်ခြင်းနှင့် တွင်းတစ်တွင်းနှင့် တစ်တွင်းကြား မီးတားလမ်းများ ထားရှိခြင်းပြုရမည်။

(ခ) မီးသတ်ယာဉ်များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရန် ဆီမီးသတ်အမြှုပ်ဆေးရည် (Foam Compound) အနည်းဆုံး ဂါလန် ၅၀ ထားရှိရမည်။

(ဂ) လုပ်ကွက်အတွင်း မီးသတ်ကားဝင်ရောက်နိုင်ခြင်းမရှိသောနေရာဖြစ်လျှင် ယင်းနေရာ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားပါက အလွယ်တကူသုံးစွဲနိုင်ရေးအတွက် ဓာတုဗေဒဆေးမှုန့်ခြောက် မီးသတ်ဆေးဘူးတွန်းလှည်း (Dry Chemical Power Trolley Type 50 Kg, 35 Kg) များ ထားရှိရမည်။

(ဃ) ပတ်ဝန်းကျင်ကျေးရွာများနှင့် ရေနံလုပ်ကွက်များအကြား ဘေးကင်းလုံခြုံရေးအကွာအဝေး (Safety Distance) ကို အနည်းဆုံး ပေ ၁၀၀၀ ထားရှိရန်။

(င) ရေနံမြေဧရိယာကို သီးသန့်ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ လူနေထိုင်ခြင်းနှင့် မီးသုံးစွဲခြင်း တို့ကို (လုံးဝ) ရှောင်ကြဉ်ရမည့်အပြင် မီးသတိပေးပိုစတာများ စိုက်ထူခြင်း၊ အရေးပေါ် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိခြင်း ပြုရမည်။

(စ) ရေနံတွင်းတိုင်းတွင် အရေးပေါ် မီးသတ်ကိရိယာများ၊ သဲကန်များနှင့် ဂေါ်ပြားများ ပြည့်စုံလုံလောက်စွာ ထားရှိရမည်။

(ဆ) ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်ကြရသည့် တွင်းခပ်ရေနံလုပ်သား များအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ပြုလုပ်ရမည်။

(ဇ) တွင်းခပ်လုပ်သားများအား နေ့စဉ် အဆိုင်းသုံးဆိုင်းဖွဲ့စည်း၍ အလှည့်ကျတာဝန်ပေးသည့်စနစ်ကို သုံးပြီး လုပ်ငန်းဆောင်ရွက်စေခြင်းနှင့် ညပိုင်းတာဝန်ကျလုပ်သားများအတွက် အနီးကပ်ကြီးကြပ်နိုင်သူ အနည်းဆုံး တစ်ဦးထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုကို စနစ်တကျကွပ်ကဲရမည်။

(ဈ) ရေနံထွက်ပစ္စည်းများသည် မီးစတင်စွဲငြိနိုင်သည့်အပူချိန် (Flash Point) နိမ့်ပြီး စိုထိုင်းဆ နည်းခြင်းကြောင့် ကိုင်တွယ်ရွှေ့ပြောင်းရာတွင် အထူးအလေးထားဂရုပြုဆောင်ရွက်ရမည်။

(ည) ရေနံခပ်ခွက်များတွင် လက်ကိုင်သံကိုင်းများအစား ကြေးကိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း သို့မဟုတ် ပလတ်စတစ်အုပ်ထားသောသံကိုင်းများ တပ်ဆင်သုံးစွဲခြင်းပြုရမည်။

(ဋ) ရေနံတွင်းများမှ ရေနံစိမ်းခပ်ယူသည့်အချိန်တွင် အလျင်စလိုဆောင်ရွက်ခြင်းမပြုဘဲ ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဖြည်းဖြည်းနှင့်မှန်မှန် အတင်/အချ ပြုလုပ်ရမည်။

(ဌ) ထုတ်လုပ်ရရှိလာသောရေနံစိမ်းများကို ယာယီသိုလှောင်ထားရှိမည့်နေရာသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းထားရှိခြင်းနှင့် ရေနံတွင်းအနီးတွင် ရေနံစိမ်းဂါလန် ၁၀၀ ထက် ပိုမိုထားရှိခြင်းမပြုရ။

(ဍ) ရေနံစိမ်းများ သယ်ယူရွှေ့ပြောင်းရာတွင် ဖိတ်စဉ်မှုမရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

(ဎ) ရေနံခပ်ရာတွင် အသုံးပြုသော ကလပ်ခုံနှင့် ဒီဇယ်အင်ဂျင်စက်များကို ရေနံတွင်းနှင့် အနည်းဆုံး ၁၅ ပေအကွာတွင် ထားရှိ၍ အင်ဂျင်စက်များတွင် အိပ်ဇောဆလင်ဒါတပ်ဆင်ထားရမည်ဖြစ်ပြီး အိပ်ဇော အပေါက်ဝကို ရေနံတွင်းနှင့်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ လှည့်ထားရမည်။

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၅) ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအမှတ် ၂၀ မှအဆက် ]**

ဇယား (၁၂)

(ကျပ်သန်းပေါင်း)

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၀၆၀. ၅၂၆ | | | ၄၀. ၇၀၀ | | | | | ၁,၁၀၁. ၂၂၆ |
| | ပေါင်း | | ၁,၀၆၀. ၅၂၆ | | | ၄၀. ၇၀၀ | | | | | ၁,၁၀၁. ၂၂၆ |

ဇယား (၁၃)
(ကျပ်သန်းပေါင်း)

## နေပြည်တော်ကောင်စီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀၁. ၀၂၃ | | ၀. ၂၀၀ | | | | | | | | | ၁၀၁. ၂၂၃ |
| | ပေါင်း | | ၁၀၁. ၀၂၃ | | ၀. ၂၀၀ | | | | | | | | | ၁၀၁. ၂၂၃ |

## နေပြည်တော်ကောင်စီ

ဇယား (၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၄၃. ၇၇၈ | | ၁,၃၈၀. ၀၀၀ | ၆၉,၉၄၆. ၃၀၀ | | | | | ၇၁,၈၇၀. ၀၇၈ |
| | ပေါင်း | | ၅၄၃. ၇၇၈ | | ၁,၃၈၀. ၀၀၀ | ၆၉,၉၄၆. ၃၀၀ | | | | | ၇၁,၈၇၀. ၀၇၈ |

ဇယား (၁၅)
(ကျပ်သန်းပေါင်း)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၂၉. ၆၀၇ | | ၃၂,၉၈၉. ၃၁၁ | | ၁၆,၄၃၀. ၀၀၀ | ၃၈. ၀၀၀ | | | | | | ၄၉,၇၈၆. ၉၁၈ |
| | ပေါင်း | | ၃၂၉. ၆၀၇ | | ၃၂,၉၈၉. ၃၁၁ | | ၁၆,၄၃၀. ၀၀၀ | ၃၈. ၀၀၀ | | | | | | ၄၉,၇၈၆. ၉၁၈ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၅,၀၀၅. ၀၃၂ | | ၁၆,၄၃၀. ၀၀၀ | ၈,၃၆၈. ၇၅၂ | | | | | ၄၉,၈၀၃. ၇၈၄ |
| | ပေါင်း | | ၂၅,၀၀၅. ၀၃၂ | | ၁၆,၄၃၀. ၀၀၀ | ၈,၃၆၈. ၇၅၂ | | | | | ၄၉,၈၀၃. ၇၈၄ |

ဇယား (၁၇)
(ကျပ်သန်းပေါင်း)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | ၃၅၀,၀၀၀. ၀၀၀ | | | | ၃၈,၈၅၂. ၆၁၄ | | | | | ၃၈၈,၈၅၂. ၆၁၄ |
| | ပေါင်း | | | | ၃၅၀,၀၀၀. ၀၀၀ | | | | ၃၈,၈၅၂. ၆၁၄ | | | | | ၃၈၈,၈၅၂. ၆၁၄ |

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ဇယား (၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၄၁,၀၅၄. ၃၂၆ | | | ၄၃,၃၆၁. ၂၀၉ | | | | | ၂၈၄,၄၁၅. ၅၃၅ |
| | ပေါင်း | | ၂၄၁,၀၅၄. ၃၂၆ | | | ၄၃,၃၆၁. ၂၀၉ | | | | | ၂၈၄,၄၁၅. ၅၃၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် -

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများနှင့် သက်ဆိုင်စေရမည်။

(ခ) ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ပိုင်ဆိုင်ပြီး သို့မဟုတ် စီမံခန့်ခွဲပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိသောရေယာဉ်များ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (စ) ပါ စစ်ရေယာဉ်များ၊ ဤဥပဒေအရ အခါအားလျော်စွာ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆိပ်ကမ်း**ဆိုသည်မှာ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ဆိပ်ကမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ရေလမ်းကြောင်း၊ မြစ်ကြောင်းနှင့်ကမ်းနားနယ်တို့လည်း ပါဝင်သည်။

(ဂ) **ဆိပ်ကမ်းနယ်နိမိတ်**ဆိုသည်မှာ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော နယ်နိမိတ်ကို ဆိုသည်။

(ယ) **အဓိကဆိပ်ကမ်း**ဆိုသည်မှာ ပုဒ်မခွဲ (ခ) တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ဆိပ်ကမ်းများအနက်မှ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသော ဆိပ်ကမ်းအဖြစ် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(င) **ပင်လယ်ရေနက်ဆိပ်ကမ်း**ဆိုသည်မှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်း နယ်နိမိတ်အတွင်းရှိ အနည်းဆုံး ရေစူး ၁၃ ဒသမ ၇၂ မီတာနှင့်အထက်ရှိ ပင်လယ်ကူး ရေယာဉ်များ ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများကို ဆိုသည်။

(စ) **ပြင်ပဆိပ်ကမ်း**ဆိုသည်မှာ ရန်ကုန်ဆိပ်ကမ်းမှလွဲ၍ ကျန်ဆိပ်ကမ်းများအားလုံးကို ဆိုသည်။

(ဆ) **ကမ်းနားနယ်**ဆိုသည်မှာ ခရီးသည်များ ဆင်းတက်ခြင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်ခြင်းတို့ အတွက် ရေယာဉ်များ ဆိုက်ကပ်ရပ်နားရန် ဆိပ်ကမ်းနယ်နိမိတ်အဖြစ် သီးခြားသတ်မှတ်ထားခြင်း မရှိလျှင် ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ရေအမြင့်ဆုံးတက်ရောက်သည့် ရေပြည့်မျဉ်းအမှတ်မှ ကုန်းတွင်းပိုင်းသို့ ကိုက် ၅၀ အထိရှိသည့်ကမ်းနားနယ်နိမိတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂလိကပိုင်ပစ္စည်းဆိုင်ရာ အခွင့်အရေးအရ တည်ရှိသည့် မြေများမပါဝင်။

(ဇ) **ကမ်းပါးနယ်**ဆိုသည်မှာ ဆိပ်ကမ်းတစ်ခုခုတွင် ရေပြည့်မျဉ်းအမှတ်နှင့် ရေစစ်မျဉ်းအမှတ်အကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှော ကမ်းပါးမြေနေရာကို ဆိုသည်။

(ဈ) **ရေယာဉ်ဆိုက်ကပ်ရန်နေရာ**ဆိုသည်မှာ ရေယာဉ်များ ကုန်စည်တင်ခြင်း၊ ချခြင်းပြုလုပ်ရာနေရာ၊ ဆိပ်ကမ်းတံတား၊ သိုလှောင်ရုံနှင့် သင်္ဘောကျင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ် ဆိုက်ကပ်ရန်နေရာနှင့်သက်ဆိုင်သော အခြားအဆောက်အအုံများလည်း ပါဝင်သည်။

(ည) **ဆိပ်ကမ်းတံတား**ဆိုသည်မှာ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များ အတင်အချပြုလုပ်ရာတွင် လွယ်ကူစေရန် ပြုလုပ်ထားသည့် ကမ်းပါးနယ် သို့မဟုတ် ကမ်းနားနယ်တစ်ခုခုကိုသော်လည်း ကောင်း၊ မြစ်ကမ်းနဖူး သို့မဟုတ် ကမ်းနားဒေသကို ကာရံထားသော ဆက်စပ်နေသည့် နံရံတံတိုင်း တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေဆိပ်၊ လှေဆိပ်၊ ဆိပ်ခံတံတား၊ ဖောတံတားနှင့် လှေကားနံရံတစ်ခုခုလည်း ပါဝင်သည်။

(ဋ) **ရေပြည့်မျဉ်းအမှတ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ မည်သည့်ရာသီဥတုမဆို သာမန်ဒီရေထချိန်များတွင် ရေအမြင့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကိုဆိုသည်။

(ဌ) **ရေစစ်မျဉ်းအမှတ်**ဆိုသည်မှာ နှစ်တစ်နှစ်၏ မည်သည့်ရာသီဥတုမဆို သာမန်ဒီရေထချိန်များတွင် ရေအနိမ့်ဆုံးရောက်ရှိသည့် မျဉ်းအမှတ်ကိုဆိုသည်။

(ဍ) **ကုန်စည်**ဆိုသည်မှာ ရောင်းဝယ်ဖောက်ကားသည့် ကုန်ပစ္စည်းအမျိုးမျိုးနှင့် ယင်းတို့ကို ထည့်သွင်း သည့် သေတ္တာများ သို့မဟုတ် အထုပ်အပိုးများ၊ ချည်နှောင်ထားသည့်အရာများ၊ စက်သုံးဆီများ၊ သက်ရှိတိရစ္ဆာန်များနှင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ဆိုသည်။

(ဎ) **ရေယာဉ်**ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်စည်များကို ရေလမ်းဖြင့် သယ်ယူပို့ဆောင်ရေး အတွက် အသုံးပြုသော သင်္ဘော၊ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်နှင့် အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **ပိုင်ရှင်**ဆိုသည်မှာ ရေယာဉ်၏ ပိုင်ရှင်ကိုသော်လည်းကောင်း၊ ထိုပိုင်ရှင်ထံမှ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တာဝန်ယူငှားရမ်းထားပြီးသူဖြစ်သည့်အပြင် ရေယာဉ်ပိုင်ရှင် အပေါ်တင်ရှိမည့် တာဝန်နှင့် ဝတ္တရားများကို လွှဲပြောင်းခံယူပါမည်ဟု သဘောတူထားပြီးသူကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်နှင့်စပ်လျဉ်း၍သုံးစွဲသည့်အခါ ကုန်စည် တင်ပို့သူ၊ ကုန်စည်လက်ခံသူ၊ ရေယာဉ်ပေါ်ကုန်စည်တင်ပေးသူ သို့မဟုတ် ထိုကုန်စည်ကို ရောင်းချခြင်း၊ ထိန်းသိမ်းထားခြင်း၊ ဆိပ်ကမ်း၌ ကုန်စည်အတင်အချပြုလုပ်ခြင်း သို့မဟုတ် ရေယာဉ်ပြောင်းတင်ခြင်းတို့အတွက် ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်းခံရသူလည်း ပါဝင်သည်။

(တ) **ဆိပ်ကမ်းဝန်ဆောင်ခ**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဆိပ်ကမ်းဝန်ဆောင်ခများကို ဆိုသည်။

(ထ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ အခကြေးငွေ၊ အဖိုးစားနား သို့မဟုတ် သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များ ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ အသုံးပြုခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ပုံမှန်ကူးသန်းသွားလာခြင်းတို့ အတွက် ဆောင်ရွက်ပေးသည့်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အကြီးအမှူးကို ဆိုသည်။

(န) **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ကို ဆိုသည်။

(ပ) **အုပ်ချုပ်မှုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အုပ်ချုပ်မှု အဖွဲ့ကိုဆိုသည်။

(ဖ) **ရေကြောင်းပြမှူးကြီး**ဆိုသည်မှာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များကို ရေကြောင်းပြရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လုပ်ငန်းလိုင်စင် ထုတ်ပေးထားသောသူကို ဆိုသည်။

(ဗ) **ရေယာဉ်မှူး**ဆိုသည်မှာ ရေယာဉ်ကို တာဝန်ယူကွပ်ကဲ မောင်းနှင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြမှူးကြီး မပါဝင်။

(ဘ) **ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ**ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေ များအရသော်လည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခန့်ထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ဆိပ်ကမ်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ဂ) အမှီအခိုကင်းစွာ ရပ်တည်ခွင့်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့အစည်းအဖြစ် ဆိပ်ကမ်း ဆိုင်ရာလုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းနိုင်ရန်၊

(ဃ) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရန်၊

(င) ဆိပ်ကမ်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပနိုင်ငံများနှင့်လည်းကောင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ဆိပ်ကမ်းများ၊ ဆိပ်ကမ်းတံတားများနှင့်ရေယာဉ်ဆိုက်ကပ်ရန်နေရာများ သတ်မှတ်ခြင်း

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) နိုင်ငံတော်အတွင်း သင့်လျော်သောနေရာများတွင် ပင်လယ်ကူးရေယာဉ်များ၊ ကမ်းရိုးတန်းနှင့် ပြည်တွင်းသွားရေယာဉ်များဝင်ရောက်ဆိုက်ကပ်ရပ်နားရေးအတွက် ဆိပ်ကမ်းများ၊ ပြင်ပ ဆိပ်ကမ်းများ၊ အဓိက ဆိပ်ကမ်းများနှင့် ပင်လယ်ရေနက်ဆိပ်ကမ်းများအား နယ်နိမိတ်ပိုင်းခြားပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိပ်ကမ်းနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆိပ်ကမ်းနယ်နိမိတ်ကိုသတ်မှတ်ရာတွင် ဆိပ်ကမ်းနယ်နိမိတ်နှင့်ကပ်လျက်ရှိသော မြေနေရာ၌ ကမ်းနားနယ်ကို ထည့်သွင်းသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဆိပ်ကမ်းများသတ်မှတ်ရာတွင် ဆိပ်ကမ်းတံတား၊ ဆိပ်ခံတံတား၊ ဇောတံတား၊ ရေဆိပ်၊ လှေဆိပ်၊ သင်္ဘောကျင်းနှင့် သိုလှောင်ရုံများကိုလည်းကောင်း၊ ရေယာဉ်များသွားလာမှု လွယ်ကူအဆင်ပြေရေး၊ ရေယာဉ်များ လုံခြုံရေး၊ ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအတွက် အခြားလုပ်ငန်းခွင်များကိုလည်းကောင်း ကမ်းနားနယ်အတွင်း ထည့်သွင်း သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ သတ်မှတ်သော ဆိပ်ကမ်းနယ်နိမိတ်၊ ဆိပ်ကမ်းနှင့် ကမ်းနားနယ် တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(င) ဆိပ်ကမ်းများကို သတ်မှတ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ခြင်းတို့ ပြုလုပ်ရာတွင် ပုဂ္ဂလိကပိုင်မြေနှင့် ပစ္စည်းများရှိပါက ထိုမြေနှင့် ပစ္စည်းများ၏ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ဆိပ်ကမ်းများအက်ဥပဒေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ပြင်ပဆိပ်ကမ်းများအက်ဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ခဲ့သော ဆိပ်ကမ်းများ၊ ရန်ကုန်ဆိပ်ကမ်းနှင့် ပြင်ပဆိပ်ကမ်းများကို ဤဥပဒေနှင့် အညီ တိုးချဲ့ခြင်း၊ လျှော့ချခြင်း၊ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုသမျှ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သော ဆိပ်ကမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(က) ရေယာဉ်ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတားတစ်ခုခုကို တည်ဆောက်ပြီးစီးသည့်အခါ ယင်းကိုအသုံးပြုရန် အသင့်ရှိပြီဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာရမည်။

(ခ) ရေယာဉ်ဆိုက်ကပ်ရန်နေရာနှင့်ဆိပ်ကမ်းတံတားများတွင် နေရာလပ်ရှိသည့်အခါတိုင်း ပင်လယ်ကူး ရေယာဉ်များ ဝင်ရောက် ဆိုက်ကပ်ရန်နေရာနှင့် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဂ) ပြည်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရန် ရေယာဉ်အမျိုးအစားအလိုက် ဆိပ်ကမ်းတံတားများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင် ရေယာဉ်ကျောက်ချရပ်နားရာနေရာနှင့် ဗော်ယာများကို နေရာချထားရန် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ရမည်။

(င) ဘေးအန္တရာယ်ရှိ ကုန်စည်များသယ်ဆောင်လာသော ရေယာဉ်များကျောက်ချရပ်နားရန် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် နေရာသတ်မှတ်ပေးခြင်းများ ဆောင်ရွက်ရမည်။

(စ) ပြည်တွင်းမှဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခုမှဖြစ်စေ စစ်ရေယာဉ်များဝင်ရောက်လာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဝန်ကြီးဌာန၏ အမိန့်ဖြင့်ကန့်သတ်နိုင်သည်။

## အခန်း (၄)
## ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ခွင့်ပြုခြင်း

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများဖွံ့ဖြိုးရေးအတွက် ဆိပ်ကမ်းနေရာသစ်များ ရှာဖွေဖော်ထုတ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ရန် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ကိုင်ခွင့်ပြုသော လုပ်ငန်းများကို အဓိကတာဝန်ယူကြီးကြပ်ကွပ်ကဲပြီး လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်ကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရန် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အား တာဝန်ပေးအပ်ရမည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အား ဆိပ်ကမ်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် စည်းမျဉ်းများ၊ စည်းကမ်းများထုတ်ပြန်၍ ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်စေနိုင်သည်။

၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပနိုင်ငံအစိုးရ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံကိုယ်စားပြုပါဝင်၍လည်းကောင်း ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဆိပ်ကမ်းဝန်ဆောင်ခများ သတ်မှတ်ခြင်း

၁၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများတွင် ပင်လယ်ကူးရေယာဉ်များနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ် ရပ်နားခြင်း၊ အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ရေယာဉ်၊ ကုန်စည် သို့မဟုတ် ခရီးသည်အရေအတွက် အလိုက်ခွဲခြားပြီး မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည့် ဆိပ်ကမ်း ဝန်ဆောင်ခများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သော ဝန်ဆောင်ခများကို အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ ပြုလုပ်နိုင်သည်။

(ဂ) အများပြည်သူအကျိုးငှာ အထူးကိစ္စရပ်တစ်ခုခုအတွက် ဆိပ်ကမ်းဝန်ဆောင်ခများကို ကင်းလွတ် ခွင့်ပေးခြင်း သို့မဟုတ် လျှော့ပေါ့ခြင်းပြုနိုင်သည်။

## အခန်း (၆)
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖွဲ့စည်းခြင်း

၁၁။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းတည်ထောင်ထားရှိရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ သတ်မှတ်သည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၁၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။

(ခ) မိမိနှင့်အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းများအကြား လုပ်ငန်းသဘောတူစာချုပ် များနှင့် အခြားစာချုပ်များချုပ်ဆိုရာတွင် အမှုဆောင်အရာရှိချုပ်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းက အခွင့် အာဏာပေးအပ်ထားသည့်အရာရှိကဖြစ်စေ လက်မှတ်ရေးထိုးရမည်။

(ဂ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနကပိုင်ဆိုင်သော ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(ဃ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်း နိုင်သောပစ္စည်းများ၊ နိုင်ငံတော်ကလွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့်အသုံးပြုပိုင်ခွင့်ရှိသည်။

၁၃။ (က) ဤဥပဒေအာဏာမတည်မီကဖွဲ့စည်းခဲ့သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများသည် ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်သည့်အခါ ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ်က ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာနအဖွဲ့အစည်းတစ်ခုခုသို့လွှဲပြောင်းပေးနိုင်သည်။

၁၄။ ဝန်ကြီးဌာနသည် ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာ၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စများကို ယင်းတို့တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ၎င်း၏အသုံးစရိတ်ခေါင်းစဉ်မှ ကျခံခွင့်ပြုပေးရမည်။

၁၅။ အမှုဆောင်အရာရှိချုပ်သည်အောက်ပါလုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်များအား ဆောင်ရွက်ရမည်-

(က) အုပ်ချုပ်မှုအဖွဲ့က သတ်မှတ်ပေးထားသော လုပ်ငန်းပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီအောင် တာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရှိ ဌာနကြီးမှူးအဆင့်အောက် အရာထမ်း၊ အမှုထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကိုဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါအရာထမ်း၊ အမှုထမ်းများ အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးနိုင်သည်။ သို့သော် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသော အဆိုပါပုဂ္ဂိုလ်များအား အသက် ၆၅ နှစ်ပြည့်သည့် အချိန်အထိ တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း။

၁၆။ ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ဝန်ထမ်းများအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခါအားလျော်စွာ ခန့်အပ်ခြင်းနှင့်ကြီးကြပ်ခြင်းပြုနိုင်သည်။ လိုအပ်ပါက မိမိကိုယ်စားဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များသတ်မှတ်၍ ကိုယ်စားလှယ်များခန့်အပ်ပြီးတာဝန်ပေးနိုင်သည်။

## အခန်း (၇)
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ

၁၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ဆိပ်ကမ်းလုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ဆိပ်ကမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းများနှင့်ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ ကမ်းပါးနယ်နှင့်ကမ်းနားနယ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်းကောင်း လုပ်ငန်းအစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) မိမိ၏ ဝင်ငွေတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစရိတ်တို့ကို ကျဆင်းစေသော နည်းလမ်းများဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုစွမ်းအား တိုးတက်စေသောနည်းလမ်းများဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(င) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်ခြင်း၊ ဆုံးရှုံးခြင်းနှင့် ပျက်စီးခြင်းတို့မရှိစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) ဤဥပဒေအရ တည်ထောင်သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရန်ပုံငွေနှင့်စပ်လျဉ်း၍ ရငွေသုံးငွေများကို စိစစ်ခွင့်ပြုခြင်း၊ ရန်ပုံငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုပိုင်ခွင့်ရှိသည်။

(ဆ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအတွက် စက်သုံးဆီနှင့်အခြားလိုအပ်ချက်များထောက်ပံ့ပေးရန် စီမံခန့်ခွဲနိုင်သည်။ ယင်းလုပ်ငန်းများအတွက် လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်းတို့ပြုနိုင်သည်။

(ဇ) ပုဂ္ဂလိက တွဲဆွဲရေယာဉ်များ၊ တွန်းရေယာဉ်များ၊ သောင်တူးရေယာဉ်များနှင့် ဆယ်ယူရေးရေယာဉ်များကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းတို့ ပြုနိုင်သည်။

(ဈ) ဆိပ်ကမ်းလုပ်ငန်းများနှင့် ဆိပ်ကမ်းအတွင်းလုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်း လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

(ည) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းသွားလာရေးဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ပေးရမည်။

(ဋ) ဆိပ်ကမ်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိထားသူများ၏ ကုန်ကျစရိတ်သက်သာရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်စေရေးတို့ကို နိုင်ငံတကာက သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးရမည်။

(ဌ) ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးနှင့် ဆိပ်ကမ်းအလုပ်သမားများ အသက်အန္တရာယ်ဘေးကင်းလုံခြုံရေးတို့အတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဍ) ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နည်းပညာများ တိုးတက်မြင့်မားလာရန် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းပြုရမည်။

(ဎ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ ဘေးအန္တရာယ်ဖြစ်ခြင်းနှင့် ရေယာဉ်ကြောင့်ဖြစ်ပေါ်သောမည်သည့် ပျက်စီးဆုံးရှုံးမှုကိုမဆို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ဏ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) လိုအပ်သော စက်ပစ္စည်းနှင့် အခြားပစ္စည်းကိရိယာများကို ထုတ်လုပ်ခွင့်၊ ပြုပြင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့်၊ ကုန်သွယ်ခွင့်နှင့် ဝန်ဆောင်မှုပေးပိုင်ခွင့်ရှိသည်။

(ခ) အသုံးပြုရန်လိုအပ်သော မြေကွက်နှင့်အဆောက်အအုံများကို ဝယ်ယူခွင့် သို့မဟုတ် ငှားရမ်းခွင့်ရှိသည်။

(ဂ) မိမိပိုင်ဆိုင်သော အသုံးမလိုတော့သည့် ရေယာဉ်၊ ယာဉ်၊ စက်ကိရိယာနှင့်ပစ္စည်းများအား ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၁၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်းသွားလာနေသော ရေနံတင်ရေယာဉ်၊ ဆီတင်ရေယာဉ်၊ ဓာတုပစ္စည်းတင်ရေယာဉ်တို့မှဖြစ်စေ၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှဖြစ်စေ၊ ရေယာဉ်တိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှဖြစ်စေ၊ အခြားတစ်နည်းနည်းကြောင့်ဖြစ်စေ ရေနံ သို့မဟုတ် ဆီ သို့မဟုတ် ဓာတုပစ္စည်း ယိုဖိတ်မှုများဖြစ်ပွားခြင်း၊ ရေယာဉ်များနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှအညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်းပစ်ချခြင်း၊ စွန့်ထုတ်ခြင်းတို့ကြောင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်းရေထုညစ်ညမ်းမှုများ၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်ထံမှ အဆိုပါပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို တောင်းခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာရေယာဉ်များ၊ ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့်အဆောက်အအုံများကို လျော်ကြေးမရမီ တားဆီးထိန်းသိမ်းခွင့်ရှိသည်။

၂၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) အကြောင်းတစ်စုံတစ်ရာကြောင့် ဆိပ်ကမ်းမှ ထွက်ခွာရန်လိုအပ်သည့် ရေယာဉ်ကို သက်ဆိုင်ရာ ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်ပိုင်ရှင်ထံအကြောင်းကြားပြီး ဆိပ်ကမ်းတံတားတစ်ခုခုမှ သတ်မှတ်ချိန် အတွင်း ထွက်ခွာရန် ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ညွှန်ကြားပြီးနောက် ပထမဆုံးအကြိမ်ဖြစ်ပေါ်သည့် ရေတက်ရေကျချိန်တွင် အဆိုပါရေယာဉ်သည် သတ်မှတ်ချိန်အတွင်း ထွက်ခွာခြင်းမရှိပါက ဆိပ်ကမ်းတံတားတွင် ဆိုက်ကပ်လျက်ရှိနေသမျှ သတ်မှတ်ထားသည့် ဒဏ်ကြေးကို စည်းကြပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ ညွှန်ကြားချက်အရ ထွက်ခွာပြီး ပြန်လည်ဆိုက်ကပ်သော ရေယာဉ်အတွက် ဆိပ်ကမ်းဝန်ဆောင်ခများ ထပ်မံကောက်ခံရန်မလို။

၂၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပို့ဆောင်မှု လုံခြုံရေး၊ ပင်လယ်ပြင်တွင် အသက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နိုင်ငံတကာရေယာဉ်များနှင့် ဆိပ်ကမ်းများတွင် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန် စီမံထားရှိသော ပစ္စည်းကိရိယာများ ဘေးကင်းလုံခြုံ ရေးဆိုင်ရာ ဥပဒေနှင့်ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး -

(က) အောက်ပါအကြမ်းဖက်မှုကျူးလွန်သူများအား လိုအပ်သော အရေးယူမှုများ ပြုလုပ်နိုင်ရန် ပူးပေါင်း ဆောင်ရွက်ရမည် -

(၁) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ အခြားတစ်နည်းနည်းဖြင့်ကြောက်ရွံ့အောင်ပြုလုပ်၍ ဖြစ်စေ ရေယာဉ်ကို ဖမ်းဆီးသိမ်းယူခြင်း သို့မဟုတ် ရေယာဉ်သွားလာရေးကိုထိန်းချုပ်ခြင်း၊

(၂) ရေယာဉ်သွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ရေယာဉ်ပေါ်ပါသူများအား အကြမ်းဖက်မှု ကျူးလွန်ခြင်း၊ ရေယာဉ်ကိုဖျက်ဆီးခြင်း၊ ရေယာဉ်ပေါ်ပါလူနှင့်ကုန်စည်များကိုထိခိုက်ပျက်စီးစေခြင်း၊

(၃) ရေယာဉ်၏ ရေကြောင်းသွားလာမှုဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ဖြစ်စေ၊ ရေကြောင်း ပို့ဆောင်ရေးလွယ်ကူအဆင်ပြေစေရေးအတွက်ဖြစ်စေ ဆိပ်ကမ်းနယ်နိမိတ်၌စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း၊ ဝန်ဆောင်မှုများကို ဆိုးရွားစွာ ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေခြင်း၊

(၄) ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်းသော သတင်းအချက် အလက်များ ဆက်သွယ်ပေးပို့ခြင်း၊

(၅) နိုင်ငံတကာသွား ပင်လယ်ကူးရေယာဉ်များ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား၊ လွယ်ကူ အဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှု များကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း၊

(၆) သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန် ဒဏ်ရာရရှိစေခြင်း၊ အခြေခံအဆောက်အအုံ ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်းဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များ၊ ရေဒီယိုသတ္တိကြွပစ္စည်းများဖြင့် ရေယာဉ်ကို ထိခိုက်ပျက်စီးစေခြင်း၊ ထိုပစ္စည်း များကို ရေယာဉ်ပေါ်နှင့်ဆိပ်ကမ်းများတွင်အသုံးပြုခြင်း သို့မဟုတ် ရေယာဉ်ပေါ်မှစွန့်ပစ်ခြင်း၊ ပစ်ချခြင်း သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများကို ရေယာဉ်ပေါ်မှ စွန့်ပစ်ခြင်း၊ ပစ်ချခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ အကြမ်းဖက်မှုကျူးလွန်ရာတွင် အသုံးပြုသော ရေယာဉ်များကို ဖမ်းဆီးထိန်းသိမ်း ခြင်းနှင့် လိုအပ်သော အရေးယူခြင်းများပြုနိုင်သည်။

၂၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ၊ ဆိပ်ကမ်းများနှင့် ရေယာဉ်ဆိုက်ကပ်ရပ်နားရေး အတွက် လွယ်ကူအဆင်ပြေစေရန် စီမံထားရှိသော အထောက်အကူပြု ပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အကူအညီတောင်းခံရေးတို့အတွက် လုံခြုံရေးအဆင့် သတ်မှတ်ချက်များနှင့်အညီ လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံများနှင့်ပူးပေါင်းညှိနှိုင်း၍ သတင်းအချက်အလက်များ ပေးပို့ ဖလှယ်နိုင်ရေးအတွက် သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်ကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများအား ညွှန်ကြားရမည်။

၂၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ -

(က) ဆိပ်ကမ်းနယ်နမိတ်အတွင်း ကမ်းပါးနယ်နှင့် ကုန်းမြေမှ စီးဆင်းသော အညစ်အကြေးများ၊ ပင်လယ် ကြမ်းပြင်တွင် ဖြစ်ပေါ်သော အညစ်အကြေးများနှင့် တစ်နည်းနည်းဖြင့် စွန့်ပစ်ပစ္စည်းများမရှိ စေရေးနှင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု မရှိစေရေးအတွက်လည်းကောင်း၊ ရေယာဉ်များ၊ ဆိပ်ကမ်းတံတားများနှင့် ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ အညစ် အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်းပစ်ချခြင်း၊ စွန့်ထုတ်ခြင်း၊ မပြုလုပ်ရေးတို့ အတွက်လည်းကောင်း စီမံချက်များချမှတ်၍ ကာကွယ်တားဆီးမှုများ ပြုလုပ်ခြင်း၊ သတင်းအချက် အလက်နှင့်နည်းပညာများဖြန့်ဖြူးခြင်းတို့ ပြုလုပ်ရမည်။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်ရေယာဉ်၊ ဆီတင်ရေယာဉ်၊ ဓာတုပစ္စည်း တင်ရေယာဉ်တို့မှလည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှ လည်းကောင်း၊ ရေယာဉ်တိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှလည်းကောင်း ဆီယိုဖိတ်မှု များ မဖြစ်ပွားစေရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများဖြန့်ဖြူးခြင်း၊ ကြိုတင် ကာကွယ်တားဆီးမှုများ ပြုလုပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ဆီနှင့်ဓာတုပစ္စည်း ယိုဖိတ်မှုများဖြစ်ပေါ်လာပါက ရေထုညစ်ညမ်းမှုမရှိစေရေး၊ ရှင်းလင်းဖယ်ရှားရေးနှင့်သန့်စင်ရေးတို့အတွက် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီးစီစဉ်ဆောင်ရွက်ခြင်း ပြုရမည်။ ထိုသို့ပြုလုပ်ရာတွင် ကုန်ကျစရိတ်ကို တာဝန်ရှိသူထံမှ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တောင်းခံနိုင်သည်။

၂၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ကုန်စည်ခေတ္တအပ်နှံသူက ညွှန်ကြားသည့်အတိုင်း ထိုကုန်စည်ကို လက်ခံသူအားပေးအပ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ခေတ္တအပ်နှံသည့်ကုန်စည်ကို အလေးချိန်၊ ပမာဏ၊ တန်ဖိုးနှင့်တူညီသော မိမိ၏ ကုန်စည်ကဲ့သို့ သဘောထားပြီး အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) ကုန်စည်ခေတ္တအပ်နှံသူနှင့် ဤကိစ္စအလို့ငှာ သီးခြားသဘောတူညီချက်မရှိလျှင် ပုဒ်မခွဲ (ခ) ပါ တာဝန် နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပါလျက် မိမိအားခေတ္တအပ်နှံထားသော ကုန်စည်မှာပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်းဖြစ်သည့်အတွက် မိမိတွင် တာဝန်မရှိစေရ။

(ဃ) ကုန်စည်ခေတ္တအပ်နှံသူနှင့် သဘောတူညီချက်ရှိလျှင် ခေတ္တအပ်နှံထားသည့် ကုန်စည်ကို မိမိ၏ ပျက်ကွက်မှုကြောင့် ကုန်စည်များပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း သို့မဟုတ် ယုတ်လျော့ခြင်း ဖြစ်ပေါ်ပါက မိမိတွင် တာဝန်ရှိသည်။

(င) အပ်နှံထားသော ကုန်စည်များကို စတင်လက်ခံထိန်းသိမ်းသည့်နေ့မှ ၂ လကျော်လျှင် အဆိုပါ ကုန်စည်များကို လေလံတင် ရောင်းချနိုင်သည်။

၂၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကုန်စည်ပျောက်ဆုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း၊ ယုတ်လျော့ခြင်း၊ မှားယွင်းစွာ ကုန်ထုတ်ပေးခြင်း၊ ကုန်စည်အား တားဆီးထားခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အကြောင်းအရာတစ်ရပ်ရပ်ဖြစ်ပေါ်ပါက တာဝန်မရှိစေရ -

(က) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊

(ခ) စစ်မက်ဖြစ်ပွားခြင်း၊ အဓိကရုဏ်း၊ လူထုအုံကြွမှု၊ ဆန္ဒပြမှု သို့မဟုတ် တားဆီးပိတ်ပင်မှု သို့မဟုတ် အခြားမျှော်မှန်း၍ မရနိုင်သော အခြေအနေဖြစ်ပွားခြင်း၊

(ဂ) ကုန်စည်တင်ပို့သူ၊ ကုန်စည် လက်ခံသူ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ထိုသူတို့၏ ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်း၏ ပြုမူဆောင်ရွက်ချက်ကြောင့် ဖြစ်ပွားခြင်း သို့မဟုတ် ထိုသူတို့၏ မှားယွင်းစွာ ဆောင်ရွက်ခြင်း၊

(ဃ) သိသာထင်ရှားခြင်းမရှိသော ချို့ယွင်းမှု၊ သဘာဝအလျောက် ပျက်စီးယိုယွင်းခြင်းစသည်တို့ကြောင့် ဖြစ်ပေါ်သော အလေးချိန် သို့မဟုတ် ကုန်စည်လျော့နည်းကွာဟမှုနှင့် လေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း၊

(င) အမြင်အားဖြင့် ပျက်စီးခြင်းမရှိသောကုန်စည်အတွင်းရှိ ကုန်စည်၏ ချို့ယွင်းမှုဖြစ်ပေါ်ခြင်း၊

(စ) ကုန်စည်အပ်နှံသူက ပျက်စီးယိုယွင်းတတ်သော သို့မဟုတ် ယုတ်လျော့နိုင်သော ပစ္စည်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုမှုမရှိခြင်း၊

(ဆ) ကောင်းမွန်လုံလောက်စွာ ထုပ်ပိုးထားခြင်းမရှိသော သို့မဟုတ် ချို့ယွင်းနေသော ကုန်စည်များ၊ အထုပ်အပိုးများဖြစ်ခြင်း သို့မဟုတ် ကုန်သေတ္တာ၏ ယိုယွင်းမှု၊ ယိုစိမ့်မှုဖြစ်ခြင်း။

၂၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) မိမိစီမံခန့်ခွဲသော ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သဘောတူစာချုပ် ချုပ်ဆိုပြီး ငှားရမ်းလုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားသဘောတူစာချုပ် ချုပ်ဆို၍ နှစ်ဖက်သဘောတူစနစ်တစ်ခုခုဖြင့် စီးပွားရေး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဂ) မိမိစီမံခန့်ခွဲသော အစိုးရပိုင်ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့အား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကတို့ အစုစပ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) ဆိပ်ကမ်းဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် သီးခြားဖက်စပ်လုပ်ငန်း သဘောတူစာချုပ် ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး လုပ်ကိုင်ခြင်း၊

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတို့၏ အစုရှယ်ယာထည့်ဝင်ငွေများဖြင့် အများနှင့်မသက်ဆိုင်သောဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်းကော်ပိုရေးရှင်း တည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(စ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတည်ငွေရင်းများနှင့် အများပြည်သူတို့၏ အစုရှယ်ယာများ ဖိတ်ခေါ်ထည့်ဝင်စေ၍ အများနှင့်သက်ဆိုင်သော ဆိပ်ကမ်းလုပ်ငန်းကုမ္ပဏီ သို့မဟုတ် ဆိပ်ကမ်းလုပ်ငန်း ကော်ပိုရေးရှင်းတည်ထောင်ပြီး ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း။

၂၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းအမျိုးအစားနှင့်တစ်ဦးချင်း၏ ကျွမ်းကျင်မှု အရည်အချင်းများအလိုက် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်းနှင့် လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ခ) ခန့်အပ်တာဝန်ပေးထားသော အရာထမ်း၊ အမှုထမ်းများအား ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား ဌာနဆိုင်ရာအရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ခွင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ ရပိုင်ခွင့်များကိုရရှိစေခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဆုကြေးငွေချီးမြှင့်ခြင်း၊

(ဂ) ဆိပ်ကမ်းများသို့ ချဉ်းကပ်လာသော ရေယာဉ်များ၊ ဆိပ်ကမ်းမှပြန်လည်ထွက်ခွာသော ရေယာဉ်များနှင့် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသော ရေယာဉ်များအတွက် ရေကြောင်းလမ်းညွှန်အမှတ်အသားများနှင့် အထောက်အကူပစ္စည်းကိရိယာများ စီမံထားရှိခြင်း၊

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေလမ်းကြောင်းတွင် ရေယာဉ်များ အဝင်အထွက်ပြုလုပ်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ပြုလုပ်ရမည့် နေ့ရက်နှင့်အချိန်၊ ရေယာဉ်၏ အမြန်နှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) ကုန်စည်များကို လက်ခံခြင်း၊ အတင်အချပြုလုပ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ သိုလှောင်ခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သော စက်ကိရိယာ၊ ယာဉ်များ၊ ရထားများ၊ သိုလှောင်ရုံများနှင့် အခြားအသုံးအဆောင် ပစ္စည်းကိရိယာများကို စီမံထားရှိခြင်း၊

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များအား ရေဖြည့်ဆည်းပေးဝေရေးအတွက် လိုအပ်သောရေဖြန့်ဖြူးရေယာဉ်၊ ရေယာဉ်နှင့် ပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ စီစဉ်ထားရှိခြင်း၊

(ဆ) ဆိပ်ကမ်းအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများအား စီစဉ်ထားရှိခြင်း၊

(ဇ) ဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားသော ရေယာဉ်များတွင် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဈ) ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း လိုအပ်သော မီးပြတိုက်များ၊ မီးပြရေယာဉ်များ၊ အချက်ပြမီးများ၊ ဗော်ယာများ၊ ရေကြောင်းပြရေယာဉ်များကိုလည်းကောင်း၊ ရေကြောင်းလုံခြုံရေးအတွက် လိုအပ်သောဆက်သွယ်ရေး ပစ္စည်းကိရိယာများနှင့် အခြားအသုံးအဆောင် ပစ္စည်းကိရိယာများကိုလည်းကောင်း စီမံထားရှိခြင်း၊

(ည) ဆိပ်ကမ်းကို ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန် လှိုင်းကာနှင့် ရေကာတာများတည်ဆောက်ထားရှိခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဋ) ရေလမ်းကြောင်းများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဌ) ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ် ရေယာဉ်များက အချက်ပြမီးများကို အသုံးပြုခြင်းကိစ္စနှင့် ရေယာဉ်ပေါ်တွင် အနည်းဆုံးထားရှိရမည့် ရေယာဉ်အမှုထမ်းဦးရေကိစ္စတို့နှင့် စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းများကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဍ) အကောက်ခွန်အရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအရာရှိများနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ တာဝန်ထမ်းဆောင်ရန် နေရာများ စီမံထားရှိခြင်း။

## အခန်း (၈)

## အုပ်ချုပ်မှုအဖွဲ့ဖွဲ့စည်းခြင်း

၂၈။ (က) ဝန်ကြီးဌာနသည် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ဦးရေကိုးဦးထက်မပိုသော အုပ်ချုပ်မှုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(၂) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်

(၃) ဆိပ်ကမ်းလုပ်ငန်းကျွမ်းကျင်သူတစ်ဦး — အဖွဲ့ဝင်

(၄) ရေယာဉ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(၅) ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး အဖွဲ့ဝင်

(၆) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(၇) စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(၈) ဝန်ကြီးဌာနကခန့်အပ်တာဝန်ပေးသော ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ

(ခ) (၁) အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌက ခန့်အပ်သူတစ်ဦးဦးကို အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(၂) အုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌသည် အုပ်ချုပ်မှုအဖွဲ့၏ အစည်းအဝေးများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပရမည်။

၂၉။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အသစ်များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည့်အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူး၏ သက်တမ်း ကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

(င) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

၃၀။ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၃၁။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသောပုဂ္ဂိုလ်တစ်ဦးသည် ယင်းအားမခန့်ထားမီ ကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူ ဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အုပ်ချုပ်မှုအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ထုတ်ဖော်ပြောဆိုချက်ကို အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့်အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှုဝယ်မှု သို့မဟုတ် ငှားရမ်းမှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ အုပ်ချုပ်မှုအဖွဲ့က ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

(ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အုပ်ချုပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၃၂။ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက ရာထူးမှရပ်စဲခြင်းခံရမည် -

(က) ဝန်ကြီးဌာနက ရာထူးမှရပ်စဲသည့် အမိန့်ချမှတ်ခြင်း၊

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် သုံးလတစ်ဆက်တည်း ပျက်ကွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့၏ အကျိုးစီးပွားကို ထိခိုက်စေသော အခြားလုပ်ငန်းတာဝန်တစ်ခုခုကို လက်ခံဆောင်ရွက်ကြောင်း ပေါ်ပေါက်ချက်အရ အုပ်ချုပ်မှုအဖွဲ့က ဝန်ကြီးဌာနသို့တင်ပြ၍ ရာထူးတာဝန်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(ဃ) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့တည်းမဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် တစ်ခုခုရှိကြောင်း ဝန်ကြီးဌာနက စိစစ်တွေ့ရှိခြင်း။

၃၃။ ပုဒ်မ ၃၂ အရ ရာထူးတာဝန်မှ ရပ်စဲခြင်းခံရသောကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာလစ်လပ်လျှင် ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ရက်ပေါင်း ၃၀ အတွင်း ခန့်အပ်တာဝန်ပေးရမည်။

## အခန်း (၉)

## အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၄။ အုပ်ချုပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်၍ လမ်းညွှန်မှုပြုခြင်း၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဌာနကြီးမှူးနှင့်အထက်အဆင့်ရှိ အရာထမ်းများအား ဝန်ကြီးဌာနသို့တင်ပြ၍ ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ကာယကံရှင်၏ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသော အဆိုပါအရာထမ်းအား အသက် ၆၅ နှစ်ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ပြုခြင်း၊

(ဃ) ဆိပ်ကမ်းလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ဆိပ်ကမ်းပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အစီအစဉ်များချမှတ်၍ လိုအပ်သောလုံခြုံရေးအဖွဲ့များနှင့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) ရေယာဉ်များမှကုန်စည်အတင်အချကိုင်တွယ်ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ချောမွေ့စေရေး၊ ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေးအတွက်လည်းကောင်း၊ ကုန်သယ်ရေယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ဆိပ်ကမ်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လည်းကောင်း နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများက လက်တွေ့ကျင့်သုံးဆောင်ရွက်သည့် စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) ဆိပ်ကမ်းလုံခြုံရေး၊ ကြီးကြပ်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းသည့်ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) အရာထမ်း၊ အမှုထမ်းများ၏ လစာနှင့်စရိတ်များတိုးမြှင့်ခြင်း၊ လျှော့ချခြင်းတို့ကို စီမံဆောင်ရွက်ခြင်း။

## အခန်း (၁၀)

## ဆိပ်ကမ်းဝန်ဆောင်ခများ ကောက်ခံခြင်း၊ ကြွေးကျန်များအတွက် သိမ်းယူခြင်းနှင့် ထိုကြွေးကျန်များကို အရကောက်ခံခြင်း

၃၅။ (က) ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် ဆိပ်ကမ်းများတွင် ပင်လယ်ကူးရေယာဉ်များနှင့် ပြည်တွင်းရေယာဉ်များ သွားလာခြင်း၊ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ အခြား တစ်နည်းနည်း အသုံးပြုခြင်းစသည်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

(ခ) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများကို ခိုင်လုံသောအကြောင်းမရှိဘဲ ပေးဆောင်ရန် တမင်ပျက်ကွက်ပါက ထိုဆိပ်ကမ်းဝန်ဆောင်ခများ၏ ငါးဆကိုဒဏ်ကြေးအဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။ ယင်းဒဏ်ကြေးကို ပေးဆောင်ရန် ပျက်ကွက် ပါက ရေယာဉ်နှင့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာများကို ပေးဆောင်ရမည့်ဒဏ်ကြေး အပြေအကျေ မရမီအထိ ထိန်းသိမ်းထားနိုင်သည်။

(ဂ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်တွင် တာဝန်ထမ်းဆောင်သူတစ်ဦးဦးသည် မိမိ၏ ပြုလုပ်မှု သို့မဟုတ် ပေါ့လျော့မှုကြောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်ဆိုင်သော သို့မဟုတ် လက်ဝယ်ထားရှိအသုံးပြုသောဆိပ်ကမ်းတံတားကိုဖြစ်စေ၊ ဆိပ်ကမ်းဆိုင်ရာလွယ်ကူအဆင်ပြေ စေရေးအတွက် အသုံးအဆောင် ပစ္စည်းကိရိယာတစ်ခုခုကိုဖြစ်စေ ပျက်စီးဆုံးရှုံးစေပါက ထိုသို့ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်သည့်အတိုင်း ပေးလျော်ရန် တာဝန်ရှိသည်။

၃၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ ပေးဆောင်ရန် သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ၊ ဒဏ်ကြေးများနှင့် လျော်ကြေးများကို ပေးဆောင်ရန်ပျက်ကွက်သူအပေါ် တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန် သင့်လျော်သောအရာရှိအား ကော်လိတ္တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

(ဂ) ဤဥပဒေအရ ပေးဆောင်ရန်သတ်မှတ်ထားသော ဆိပ်ကမ်းဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ သို့မဟုတ် လျော်ကြေးများကို ပေးဆောင်ရန် ပျက်ကွက်သည့်ကာလအတွင်းတွင်လည်းကောင်း၊ ထိုပျက်ကွက်သူအပေါ် တည်ဆဲအခွန်အခဆိုင်ရာဥပဒေများနှင့်အညီ အရကောက်ခံနေသည့် ကာလအတွင်းတွင်လည်းကောင်း သက်ဆိုင်ရာရေယာဉ်ကို ဆိပ်ကမ်းမှထွက်ခွာခွင့်လက်မှတ် ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာအရာရှိအား ညွှန်ကြားရမည်။

## အခန်း (၁၁)

## ဘဏ္ဍာရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်းပြည်ပ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူနိုင်သည်။

၃၈။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြရမည်။

၃၉။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

၄၀။ (က) မည်သည့် ဘဏ္ဍာရေးနှစ်တွင်မဆို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာရန်ပုံငွေမှ အောက်ဖော်ပြပါ ကုန်ကျစရိတ်များကို ကျခံသုံးစွဲနိုင်သည် -

(၁) အုပ်ချုပ်မှုအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေ၊ အခကြေးငွေနှင့် ထောက်ပံ့စရိတ်များ၊

(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ၊ အကြံပေးများ၊ ဝန်ထမ်းကိုယ်စားလှယ်များနှင့် အရာရှိများ၏လစာ၊ စရိတ်ချီးမြှင့်ငွေများ၊ အခကြေးငွေများ၊ အငြိမ်းစားလစာများနှင့် လုပ်သက်ဆုငွေများ၊

(၃) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကျခံရမည်ဖြစ်သော လုပ်ငန်းလုပ်ဆောင်မှုစရိတ်များ၊ ပြုပြင်ထိန်းသိမ်းရေးစရိတ်များနှင့် တန်ဖိုးလျော့ လျာထားအသုံးစရိတ်များ၊

(၄) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ချေးယူထားငွေအပေါ်ပေးဆောင်ရသည့် အတိုးနှင့်စရိတ်များ၊

(၅) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ချေးယူထားငွေများအပေါ် ပြန်လည်ပေးဆပ်ရန် လိုအပ်သည့် ငွေရပ်များ၊

(၆) ကာလရှည်အကြွေးများ ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ကုန်ခမ်းတတ်သော ပိုင်ဆိုင်ပစ္စည်းများနှင့် တန်ဖိုးလျော့သော ပိုင်ဆိုင်ပစ္စည်းများကို ပြန်လည်အစားထိုးနိုင်ရေးအတွက် သီးသန့်ထားရှိသော ရန်ပုံငွေစာရင်းသို့ ပြောင်းရွှေ့ရန် လိုအပ်သည့်ငွေရပ်များ၊

(၇) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်ပစ္စည်းများအား အသစ်အစားထိုးလဲလှယ်နိုင်ခြင်း သို့မဟုတ် တန်ဖိုးလျော့ကျခြင်းတို့အတွက် သီးသန့်ထားရှိရန် သင့်လျော်သည်ဟု ယူဆသော ငွေရပ်များ၊

(၈) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခွင့်ပြုသော ကျခံသုံးစွဲခွင့်ရှိသည့် လုပ်ငန်းသစ်၊ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအတွက် ကုန်ကျစရိတ်များ၊ စက်ကိရိယာများ၊ ရေယာဉ်များ၊ ယာဉ်များ၊ ယန္တရားများ၊ တပ်ဆင်စက်ကိရိယာများအတွက် ကုန်ကျစရိတ်များ၊

(၉) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ကျခံသုံးစွဲသင့်သည်ဟုဆုံးဖြတ်ထားသည့် အခြားအသုံးစရိတ်များ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမြတ်လက်ကျန်ငွေကို သင့်လျော်သည့် ရာခိုင်နှုန်းသတ်မှတ်၍ အထွေထွေရန်ပုံငွေနှင့် သင့်လျော်သည့် သီးသန့်ရန်ပုံငွေစာရင်းများ ဖွင့်လှစ်ထားရှိနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် လစာ၊ လုပ်ခနှင့် စရိတ်နှုန်းထားများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၄၁။ (က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးစာရင်းများကို ယခင်ဘဏ္ဍာရေးနှစ်များ၏ အမှန်ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် အခြေခံ၍ ပြုစုရေးဆွဲရမည်။

(ခ) ခန့်မှန်းခြေငွေစာရင်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် လက်ခံအတည်ပြုနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အတည်ပြုထားသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း မိတ္တူတစ်စုံကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

၄၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို နိုင်ငံတော်သို့ ပေးသွင်းရမည်။

၄၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) သင့်လျော်သည့် ဘဏ်များတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အမည်ဖြင့် ကျပ်ငွေနှင့်နိုင်ငံခြားသုံးငွေ စာရင်းများကို သီးခြားစာရင်းဖွင့်လှစ်ထားခွင့်ရှိသည်။

(ခ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ဝင်ငွေထွက်ငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဂ) မိမိရရှိသော နိုင်ငံခြားသုံးငွေဖြင့် ရရှိသည့်ဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(ဃ) ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၄၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါစာရင်းများကို ဝန်ကြီးဌာနက ညွှန်ကြားသည့်အတိုင်း တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း။

၄၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဝန်ကြီးဌာနအောက်ရှိစီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၄၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ မိမိ၏ငွေကြေးအရင်းအနှီးများကို ရင်းနှီးမြှုပ်နှံနိုင်သည်။

၄၇။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

၄၈။ စာရင်းစစ်အဖွဲ့၏ စာရင်းစစ်အခကြေးငွေများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဘဏ္ဍာငွေရန်ပုံငွေမှ ကျခံပေးရမည်။

၄၉။ နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ဌာနအဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရမည်။

၅၀။ အစီရင်ခံစာတွင် အောက်ပါအချက်များပါဝင်ရမည် -

(က) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာ ထုတ်ပြန်ချက်များ၊

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပစ္စည်းစာရင်းများ၊ ထည့်ဝင်ကြေးများ၊ ဆက်ခံအသုံးပြုခွင့်နှင့် အခြားဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊

(ဂ) ဤဥပဒေအရ တရားဝင်ဆက်ခံရမည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပိုင်ဆိုင်မှု၊ ပစ္စည်းများ ထုခွဲရောင်းချပြီး ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် ရငွေနှင့် အသုံးစရိတ်စာရင်း၊

(ဃ) အခြားတင်ပြရန်ရှိပါက စာရင်းစစ်အဖွဲ့၏ သီးခြားအစီရင်ခံစာ။

၅၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လိုအပ်ချက်အရ ဖြစ်စေ၊ ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရဖြစ်စေ စာရင်းစစ်အဖွဲ့သည် သီးခြားစစ်ဆေး အစီရင်ခံတင်ပြရမည်။

၅၂။ စာရင်းစစ်အဖွဲ့ကသော်လည်းကောင်း၊ အခြားအခွင့်အာဏာရသူ တစ်ဦးဦးကသော်လည်းကောင်း-

(က) ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စာရင်းဇယားများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ တောင်းခံပိုင်ခွင့်ရှိသည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စာရင်းဇယားများကို ကောက်နုတ်ခြင်း သို့မဟုတ် ကူးယူခြင်း ပြုလုပ်နိုင်သည်။

၅၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ဝန်ထမ်းများ ကွယ်လွန်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ အငြိမ်းစားပေးခြင်းတို့နှင့် စပ်လျဉ်း၍ အငြိမ်းစားလစာ၊ လုပ်သက်ဆုငွေနှင့် ကရုဏာကြေးများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

**အခန်း (၁၂)**

**ရေကြောင်းပြမှူးကြီးလုပ်ငန်းလိုင်စင်နှင့် ရေကြောင်းပြတာဝန်ပေးခြင်း**

၅၄။ (က) ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လိုသူသည် လုပ်ငန်းလိုင်စင် ရရှိရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူအား အရည်အချင်းပြည့်မီခြင်း ရှိ မရှိ စာတွေ့လက်တွေ့စစ်ဆေးအကဲဖြတ်၍ ရွေးချယ်ပြီး ရေကြောင်းပြမှူးကြီးအဖြစ် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရေကြောင်းပြမှူးကြီးများကို ကျွမ်းကျင်မှုအလိုက် အဆင့်သတ်မှတ်၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၅၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သော ရေကြောင်းပြမှူးကြီးအား သတ်မှတ်ချက်နှင့်အညီ အရေးယူမှုပြုလုပ်ခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည် -

(က) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အမိန့်တို့ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တာဝန်ထမ်းဆောင်ရာ၌ ပေါ့လျော့စွာဆောင်ရွက်ခြင်း သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားခြင်း၊

(ဃ) အခြားခိုင်လုံသော အကြောင်းတစ်ရပ်ရပ်အရ ရေကြောင်းပြမှူးကြီးအဖြစ် တာဝန်ပေးရန် မသင့်ဟု ယူဆခြင်း။

၅၆။ ဆိပ်ကမ်းသို့ဝင်ရောက်သော သို့မဟုတ် ဆိပ်ကမ်းမှထွက်ခွာသော ရေယာဉ်နှင့်ကုန်ပါစုစုပေါင်း တန်ချိန် ၅၀၀ ထက်ပိုသည့် ရေယာဉ်၏ ရေယာဉ်မှူးသည် -

(က) ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့် တောင်းခံရယူနိုင်ရန် ရေကြောင်းဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်မညီညွတ်ပါက ရေကြောင်းပြမှူးကြီး၏ အကူအညီကို မဖြစ်မနေ တောင်းခံရယူပြီး ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်း၊ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းနယ်နိမိတ်အတွင်း နေရာရွှေ့ပြောင်းခြင်းပြုရမည်။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ရောက်ရှိဆိုက်ကပ်သည့်အခါ ထိုသို့ ရေယာဉ်ရောက်ရှိဆိုက်ကပ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံ သတင်းပို့ရမည်။ ထို့အပြင် အဆိုပါရေယာဉ်ပြန်လည်ထွက်ခွာသည့်အချိန်တွင်လည်း သတ်မှတ်ချက် များနှင့်အညီ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံ သတင်းပို့ရမည်။

(ဂ) ရေယာဉ်ကြောင့်ဖြစ်စေ၊ ရေယာဉ်ကို ရေလမ်းကြောင်းအတိုင်း မောင်းနှင်ရာ၌ ချွတ်ချော်မှုကြောင့် ဖြစ်စေ၊ မတော်တဆရေယာဉ်ချင်း တိုက်မိမှုကြောင့်ဖြစ်စေ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် တာဝန်ယူဖြေရှင်းပြီး ထိုက်သင့်သော လျော်ကြေးပေးရမည်။

(ဃ) ရေကြောင်းပြမှူးကြီးမပါဘဲ ဝင်ထွက်ခွင့်ရရှိသော်လည်း သတ်မှတ်ထားသော ရေကြောင်းပြဌာနခွဲ၏ ထက်ဝက်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးဆောင်ရမည်။

၅၇။ ရေယာဉ်ကိုကြီးကြပ်လာသော ရေကြောင်းပြမှူးကြီး၏ ဥပဒေနှင့်အညီ အကြံပေးချက်ကို ရေယာဉ်မှူးက ငြင်းဆိုလျှင် ဘေးကင်းစွာကျောက်ချရပ်နားနိုင်သော ပထမဆုံးနေရာသို့ ရောက်ရှိသည့်အခါ ကျောက်ချပြီး ရေကြောင်းပြလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်း ရေကြောင်းပြမှူးကြီးက ငြင်းဆိုနိုင်သည်။

## အခန်း (၁၃)

## ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျန်းမာရေးဆောင်ရွက်ခြင်း

၅၈။ ဝန်ကြီးဌာနသည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များတွင် သယ်ဆောင်လာသည့် ခရီးသည်နှင့် ကုန်စည်များမှတစ်ဆင့် အများပြည်သူကျန်းမာရေးကို ထိခိုက်စေနိုင်သော ကူးစက်ရောဂါများမှ ကာကွယ်ရန် အလို့ငှာ ပင်လယ်ကူးရေယာဉ်ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းအသီးသီးတွင် ကျန်းမာရေးအရာရှိများ ခန့်အပ်ပြီး တာဝန်ပေးရမည်။

၅၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကိုယ်တိုင်ဖြစ်စေ၊ ပုဒ်မ ၅၈ အရ ခန့်အပ်တာဝန်ပေးသော ကျန်းမာရေးအရာရှိကို လွှဲအပ်၍ဖြစ်စေ ပင်လယ်ကူးရေယာဉ်ဆိုက်ကပ်ရပ်နားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကူးစက်ရောဂါကာကွယ်ရေး၊ နာမကျန်းသူများ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များမှတစ်ဆင့်ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ စစ်ဆေးရေး၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်များကို စီမံဆောင်ရွက်ထားရှိခြင်း၊

(ခ) ရေယာဉ်ပေါ်တွင် ကူးစက်ရောဂါဖြစ်ပွားနေသော သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိသော ရေယာဉ်များအတွက်လည်းကောင်း၊ ရေယာဉ်ထွက်ခွာလာချိန်တွင် ထွက်ခွာလာသည့် ဆိပ်ကမ်း၌ဖြစ်စေ၊ ယင်းဆိပ်ကမ်း၏ အနီးအနားပတ်ဝန်းကျင်၌ဖြစ်စေ ကူးစက်ရောဂါဖြစ်ပွားသည်ဟု ယုံကြည်ရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပွားခဲ့သော ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာရေယာဉ်များ အတွက်လည်းကောင်း အချက်ပြအလံတင်ခြင်း၊ ကျောက်ချရန်နေရာ သတ်မှတ်ပေးခြင်းနှင့် အများပြည်သူအား ထိုသို့ ကူးစက်ရောဂါဖြစ်ပွားကြောင်း အရေးပေါ်အသိပေးကြေညာခြင်း၊

(ဂ) ကူးစက်ရောဂါဖြစ်ပွားနေသူများပါရှိသည့် ရေယာဉ်ပေါ်ရှိ လူများ၏ ကျန်းမာရေးကို စစ်ဆေးခြင်း၊

(ဃ) ကူးစက်ရောဂါဖြစ်ပွားနေသူများပါရှိသည့် ရေယာဉ်ပေါ်ရှိ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် အခြားပုဂ္ဂိုလ်များက ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရမည့်မေးခွန်းများနှင့် ပေးပို့ရမည့်သတင်းအချက်အလက်များ သတ်မှတ်ခြင်း၊

(င) ကူးစက်ရောဂါမျိုးဖြစ်ပွားသည့်အခါ ထိုရေယာဉ်များ၏ ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် ရေယာဉ်ပေါ်ရှိ အခြားပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ခြင်း၊

(စ) ကူးစက်ရောဂါဖြစ်ပွားနေသည့် သို့မဟုတ် ဖြစ်ပွားနေကြောင်း သံသယရှိသည့်ရေယာဉ်ပေါ်ရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ကျန်းမာရေးအရာရှိက သဘောတူခွင့်ပြုသော ဆေးရုံ၊ ဆေးခန်းတစ်ခုခုသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့် အဆိုပါရေယာဉ်ကို ထိန်းသိမ်းထားခြင်း၊

(ဆ) ကူးစက်ရောဂါဖြစ်ပွားနေသည့် ရေယာဉ်ကိုဖြစ်စေ၊ ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ ကူးစက်တတ်သော ရောဂါပိုးများရှိနေနိုင်သည့် ရေယာဉ်ပေါ်ရှိ ပစ္စည်းကိရိယာ တစ်စုံတစ်ရာကို ဖြစ်စေ သန့်စင်ခြင်း၊ လေကောင်းလေသန့်ရအောင်ဆောင်ရွက်ခြင်း၊ ပိုးသတ်ခြင်းနှင့်ယင်းရေယာဉ်ပေါ်ရှိ ကြွက် သို့မဟုတ် ကူးစက်တတ်သော အခြားပိုးမွှားများကို သုတ်သင်ခြင်း၊

(ဇ) ရေယာဉ်ပေါ်ရှိသူများနှင့် ကုန်စည်များမှ ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများ ဆောင်ရွက်ခြင်း၊

(ဈ) ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့သို့ အကြောင်းကြားခြင်း၊

(ည) ရေယာဉ်ပေါ်၌ ကူးစက်ရောဂါကြောင့် သေဆုံးသူများအတွက် စီမံဆောင်ရွက်ခြင်း။

၆၀။ ပြည်ပမှဝင်ရောက်လာသည့် ရေယာဉ်မှူးသည် -

(က) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်ခြင်းမပြုမီ ရေယာဉ်ပေါ်တွင် ကူးစက်ရောဂါကင်းရှင်းကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံ ကြိုတင်အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်အတွင်းရှိ ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ကပ်သည့်အခါ မိမိကိုယ်တိုင်ဖြစ်စေ၊ ထိုရေယာဉ်၏ကျန်းမာရေးအရာရှိကဖြစ်စေ ကူးစက်ရောဂါကင်းရှင်းကြောင်းကြေညာချက်ကိုသတ်မှတ်ထားသည့်ပုံစံဖြင့် ကျန်းမာရေးအရာရှိသို့ ပေးအပ်ရမည်။

၆၁။ ကျန်းမာရေးအရာရှိသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုကိုခံယူ၍ မိမိအား တာဝန်ပေးထားသည့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း၌ အောက်ပါလုပ်ပိုင်ခွင့်များ ရရှိစေရမည် -

(က) ရေယာဉ်ပေါ်တွင် ရေထောက်ပံ့ဖြည့်ဆည်းမှုများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ အစားအသောက်များနှင့် သင်္ဘောသားများ၏ နေရာထိုင်ခင်းများမှာ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက် စစ်ဆေးခွင့်၊

(ခ) မည်သည့် ရေယာဉ်ပေါ်သို့မဆို တက်ရောက်ပြီး ရေယာဉ်ပေါ်ရှိ သင်္ဘောသားများ၊ အလုပ်သင်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကျန်းမာရေးစစ်ဆေးပိုင်ခွင့်၊

(ဂ) ရေယာဉ်ပေါ်ရှိလူများ၏ ကျန်းမာရေးနှင့် ဆေးဝါးကုသမှုအခြေအနေကို စစ်ဆေးကြည့်ရှုရန်လိုအပ်သည့် ရေယာဉ်နေ့စဉ်မှတ်တမ်းစာအုပ်နှင့်အခြားစာအုပ်များ၊ စာရွက်စာတမ်းများနှင့်စာတမ်းအမှတ်အသားများကို ထုတ်ပြစေရန် တောင်းဆိုခွင့်နှင့် ငြင်းဆိုပါက အတင်းအကျပ် ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် မည်သူ့ကိုမဆို ခေါ်ယူမေးမြန်းခွင့်နှင့် မေးခွန်းကို မှန်ကန်စွာဖြေဆိုရန် တောင်းဆိုခွင့်၊

(င) မေးမြန်းခံရသူကမှန်ကန်စွာဖြေဆိုကြောင်း ဝန်ခံချက်ရေးသားလက်မှတ်ရေးထိုးရန် တောင်းဆိုခွင့်။

၆၂။ ကျန်းမာရေးအရာရှိသည် တာဝန်ကျဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ဆိုက်ကပ်သောပင်လယ်ကူးရေယာဉ်များပေါ်တွင် ပုဒ်မ ၆၁ ပါ လုပ်ပိုင်ခွင့်များနှင့်အညီ တက်ရောက်စစ်ဆေးပြီးထိုရေယာဉ်တွင် ကူးစက်ရောဂါကာကွယ်ပြီးကြောင်းနှင့် ကူးစက်ရောဂါကင်းရှင်းကြောင်း သက်ဆိုင်ရာရေယာဉ်မှူးနှင့် တာဝန်ရှိသူများအား ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

၆၃။ ကျန်းမာရေးအရာရှိသည် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊ ကူးစက်ရောဂါကာကွယ်ခြင်းနှင့်ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေတောင်းဆိုခြင်းမပြုရ။

## အခန်း (၁၄)
## ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၆၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် -

(က) ဤဥပဒေအရ သတ်မှတ်ထားသော ဆိပ်ကမ်းအသီးသီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) ဆိပ်ကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်နှင့် တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူများအား လွှဲအပ်တာဝန်ပေးနိုင်သည်။

(ဂ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်သူများအား ချီးမြှင့်ခြင်းနှင့် ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူများအား အရေးယူခြင်းတို့ပြုနိုင်သည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်းတွင်ဖြစ်စေ၊ ဆိပ်ကမ်းနယ်နိမိတ်ပြင်ပတွင်ဖြစ်စေ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံထားရှိသော ဖော်ယာများနှင့် အခြားသောရေကြောင်းပြ အထောက်အကူပစ္စည်းများကို ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရမည်။

(င) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဘေးအန္တရာယ်ရှိကုန်စည်များကို စနစ်တကျ ထိန်းသိမ်းထားသိုခြင်းနှင့် တစ်ဆင့်သယ်ယူခြင်းများပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ရမည်။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကုန်စည်များ နေရာချထားခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဆ) ရေယာဉ်မှူး၊ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် အခြားမည်သူ့ကိုမဆို ဆိပ်ကမ်းတံတားများတွင် ကုန်စည်အတင်အချဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အချိန်နှင့် အချက်အလက်များပေးပို့ရာတွင် စနစ်တကျရှိစေရန် ညွှန်ကြားရမည်။

(ဇ) လုပ်ငန်းလိုအပ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသောနေရာမှသာ ခရီးသည်များကို ရေယာဉ်ပေါ်သို့ အတက်အဆင်းပြုလုပ်ရန် စီမံဆောင်ရွက်ရမည်။

(ဈ) ဤဥပဒေအရ ကောက်ခံရမည့် ဆိပ်ကမ်းဝန်ဆောင်ခများ၊ ပေးဆောင်ရမည့်နည်းလမ်းများကို စီမံဆောင်ရွက်ရမည်။

(ည) ရေယာဉ်ဆိုက်ကပ်ရန် နေရာများ၊ ဆိပ်ကမ်းတံတားများ၊ ဆင်းတက်ရန်နေရာများ၊ တံတားဦးတိုများ၊ ကုန်းတက်ရန်နေရာများ၊ ရထားသံလမ်းများ၊ ကုန်လှောင်ရုံများ၊ အခမဲ့ကုန်ရုံများ၏အတွင်း၌ဖြစ်စေ၊ ယင်းတို့နှင့် ဆက်စပ်ဒေသများတွင်ဖြစ်စေ တည်ဆောက်ထားသည့် အခြားလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

(ဋ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကပိုင်ဆိုင်သည့် အဆောက်အအုံ၊ မြေ၊ ပရိဝုဏ်အတွင်း ကုန်စည်များကို လက်ခံခြင်း၊ ရွှေ့ပြောင်းသယ်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊ ရေယာဉ်မှမချမီ ကုန်စည်များပျက်စီးနေခြင်း သို့မဟုတ် ယင်းသို့ ပျက်စီးနေသည်ဟု အဆိုပြုထားခြင်းခံရသော ကုန်စည်များကို လက်ခံရာ၌ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၆၅။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် ဆိပ်ကမ်းအတွင်းရှိ မည်သည့်ရေယာဉ်ကိုမဆို ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် စည်းကမ်းတကျရှိရေးတို့အတွက် အမိန့်ထုတ်ဆင့်၍ ညွှန်ကြားနိုင်သည်။

၆၆။ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူသည် -

(က) ဆိပ်ကမ်းတွင် ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်သဖြင့် ရေယာဉ်များကို ချက်ချင်းဖယ်ရှားရန် လိုအပ်သည့်အခါ ၎င်းတို့ကို ချည်နှောင်ထားသည့် ကြိုး သို့မဟုတ် ကျောက်ကြိုးစသည်တို့ကို ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် သင့်လျော်သူတစ်ဦးဦးအား ဆောင်ရွက်စေနိုင်သည်။

(ခ) ရေယာဉ်များလွတ်လပ်စွာသွားလာမှုကိုဖြစ်စေ၊ ရေယာဉ်ဆိုက်ကပ်ရန်နေရာ၊ ဆိပ်ကမ်းတံတား၊ ကုန်ချရန်နေရာ၊ ကျောက်ချရန်နေရာတစ်ခုခု အသုံးပြုမှုကိုဖြစ်စေ အတားအဆီးဖြစ်စေသော သစ်ဖောင်၊ ဝါးဖောင် သို့မဟုတ် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော မည်သည့် အခြားအရာဝတ္ထုကိုမဆို ဖယ်ရှားခြင်းကိုသော်လည်းကောင်း၊ ရေယာဉ်အပျက်အစီး၊ သောင်တင်ရေယာဉ် သို့မဟုတ် နစ်မြုပ်ရေယာဉ်ကို ဖော်ယူခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးပစ်ခြင်းကိုသော်လည်းကောင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာ၌ ကုန်ကျစရိတ်ငွေနှင့် ထိုငွေ၏ ၂၀ ရာခိုင်နှုန်းတို့ကိုထပ်ဆောင်းပြီး သက်ဆိုင်ရာ ကုန်စည်ပိုင်ရှင်ထံမှ တောင်းခံနိုင်သည်။ ထိုသို့ တောင်းခံ၍ မရပါက အဆိုပါကုန်စည်များအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချပြီး အဆိုပါကုန်ကျစရိတ်ကို ရယူနိုင်သည်။ ထုခွဲရောင်းချငွေသည် ကုန်ကျစရိတ်နှင့် လုံလောက်မှုမရှိပါက တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရတောင်းခံနိုင်သည်။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာရှိကြောင်း သတင်းရရှိပါက မည်သည့်ရေယာဉ် သို့မဟုတ် အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်စစ်ဆေးနိုင်သည်။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း မီးဘေးကာကွယ်တားဆီးရေးအတွက်သော်လည်းကောင်း၊ မီးငြိမ်းသတ်ရေးအတွက်သော်လည်းကောင်း ဆိပ်ကမ်းနယ်နိမိတ်အတွင်းရှိ မည်သူ့ကိုမဆိုအကူအညီတောင်းခံ၍ ရယူဆောင်ရွက်နိုင်သည်။

(င) ဆိပ်ကမ်းနယ်နိမိတ်နှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်သူများအား တည်ဆဲဥပဒေနှင့်အညီ ဖယ်ရှားနှင်ထုတ်နိုင်သည်။

(စ) စည်းကမ်းချက်နှင့်မညီဘဲ စွန့်ပစ်သော သို့မဟုတ် စုပုံသော ရေယာဉ်ဝမ်းစာများကို ရေလမ်းကြောင်း မထိခိုက်စေရန် ဖယ်ရှားရှင်းလင်းခြင်း၊ ထိုသို့ ဖယ်ရှားရှင်းလင်းရာတွင် ကုန်ကျစရိတ်များကို သက်ဆိုင်ရာရေယာဉ်မှူးထံ တောင်းခံခြင်းနှင့် ရေယာဉ်ဝမ်းစာများကို စွန့်ပစ်သော သို့မဟုတ် စုပုံသော ရေယာဉ်မှူးအား အရေးယူခြင်းပြုနိုင်သည်။

(ဆ) ဆိပ်ကမ်းသို့ အဝင်အထွက်ပြုလုပ်မည့် ရေယာဉ်၏ကုန်စည်နှင့် ခန့်မှန်းကြာမြင့်ချိန်တို့ကို ရှင်းလင်းစွာ သိရှိရန်လိုအပ်သည်ဟုယူဆပါက ဆိပ်ကမ်းအတွင်း အဝင်အထွက်မပြုလုပ်မီကာလနှင့် ဆိပ်ကမ်းအတွင်းသို့ အဝင်အထွက်ပြုလုပ်မည့်ကာလတွင် သက်ဆိုင်ရာရေယာဉ်၏ ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးအား သတင်းအချက်အလက်များပေးရန် ညွှန်ကြားနိုင်သည်။

(ဇ) တားမြစ်ကန့်သတ်ထားသော နေရာများ၌ ရေယာဉ်များနေရာချခြင်း၊ ကျောက်ချရပ်နားခြင်းနှင့် လမ်းကြောင်းသတ်မှတ်ပေးခြင်းတို့ကို သတင်းထုတ်ပြန်ကြေညာရမည်။

၆၇။ ဆိပ်ကမ်းသို့ရောက်ရှိသော ရေယာဉ်၏ပိုင်ရှင်၊ ကိုယ်စားလှယ် သို့မဟုတ် ရေယာဉ်မှူးသည် -

(က) ရေယာဉ်ဆိပ်ကမ်းသို့ ဝင်ရောက်သည့်အခါ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အခါအားလျော်စွာ ညွှန်ကြားချက်အတိုင်း ရောက်ရှိကြောင်းကို သတင်းပို့ရမည်။

(ခ) သတ်မှတ်ထားသည့် အချိန်အတွင်း အောက်ပါတို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူထံတင်ပြ သတင်းပို့ရမည် -

(၁) သတ်မှတ်ထားသည့် ပုံစံဖြင့် ရေယာဉ်ရောက်ရှိကြောင်း အထွေထွေကြေညာချက်၊

(၂) နောက်ဆုံးထွက်ခွာခဲ့သော ဆိပ်ကမ်း၏ ထွက်ခွာခွင့်လက်မှတ်၊

(၃) ရေယာဉ်ပေါ်ပါခရီးသည်စာရင်း၊

(၄) ရေယာဉ်အမှုထမ်းများစာရင်း၊

(၅) ဆိပ်ကမ်းတွင်ကုန်တင်၊ ကုန်ချပြုလုပ်မည့်စာရွက်စာတမ်း မိတ္တူ၊

(၆) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားစာတမ်း အမှတ်အသားများ။

၆၈။ ဤဥပဒေအရ သတ်မှတ်သော ဆိပ်ကမ်းတစ်ခုခုမှ ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သို့မဟုတ် ရေကြောင်းပြမှူးကြီး၏ လုပ်ဆောင်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ ရေယာဉ်က အသုံးပြုသည့် ကျောက်စွဲကိရိယာ၊ ရေယာဉ်ချည်ကြိုးနှင့် အခြားပစ္စည်းတစ်ခုခု၏ တစ်စုံတစ်ရာ ချွတ်ယွင်းခြင်းကြောင့် ဖြစ်ပေါ်လာသော ရေယာဉ်ပျက်စီးမှုတစ်စုံတစ်ရာအတွက်လည်းကောင်း လျော်ကြေးပေးရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌ တာဝန်မရှိစေရ။

၆၉။ ပုဒ်မ ၆၈ ပါ ပြဋ္ဌာန်းချက်မှအပ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်သည့် လုပ်ဆောင်မှု တစ်စုံတစ်ရာအတွက်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အတိအလင်းထုတ်ပြန်သည့် အမိန့် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် လုပ်ဆောင်မှုတစ်စုံတစ်ရာအတွက်လည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အပေါ် တရားမမှုစွဲဆိုနိုင်သည်။

## အခန်း (၁၅)
## ဆိပ်ကမ်းတံတားများနှင့် သင်္ဘောကျင်းများ ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်း

၇၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ လွယ်ကူအဆင်ပြေစွာ ဆိုက်ကပ်ခြင်း၊ ရပ်နားခြင်းနှင့် ထွက်ခွာခြင်းပြုနိုင်ရေးအတွက်လည်းကောင်း၊ ခရီးသည်အတက်အဆင်းနှင့် ကုန်စည်များအတင်အချပြုလုပ်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော ဆိပ်ကမ်းတံတားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ပြုရမည်။

၇၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်းပြည်ပသွား ရေယာဉ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများအတွက် လိုအပ်သော သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်တည်ဆောက်ပြီး ရေယာဉ်များတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်သူအင်ဂျင်နီယာများကို စီစဉ်ထားရှိရမည်။

၇၂။ (က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကို သော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူသည် သတ်မှတ်သော လိုင်စင်ကြေးကို ပေးသွင်းရမည်။

၇၃။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ ဤဥပဒေအရခွင့်ပြုထားသည့် လိုက်နာရမည့် လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လည်းကောင်း ဖောက်ဖျက်ပါက ထိုဖောက်ဖျက်သူအား သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်း အရ ဒဏ်ကြေးပေးဆောင်စေခြင်း၊ လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ပြုနိုင်သည်။

## အခန်း (၁၆)
## တားမြစ်ချက်များ

၇၄။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းတံတား တစ်မျိုးမျိုးကိုသော် လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ။

၇၅။ မည်သည့် ရေယာဉ်မှူးမျှ -

(က) ရေယာဉ်နှင့်ကုန်ပါစုစုပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်တစ်မျိုးမျိုးကို ရေကြောင်းပြမှူးကြီး၏ အကူအညီမယူဘဲ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ခြင်း၊ ဆိုက်ကပ်ခြင်း၊ ဆိပ်ကမ်းတစ်ခုခုမှ ထွက်ခွာခြင်း သို့မဟုတ် ဆိပ်ကမ်းအတွင်း နေရာပြောင်းရွှေ့ခြင်း မပြုလုပ်ရ။

(ခ) သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုသို့ ပင်လယ်နှင့် ဆက်စပ်နေသည့်မြစ်ကြောင်းသို့မဟုတ် ရေလမ်းကြောင်း အစိတ်အပိုင်းတစ်ခုခု၏ နယ်နိမိတ်အတွင်း ထားရှိသော အချက်ပြဌာနတစ်ခုခုမှ အချက်ပြမှုကို မြင်သာသည့် အကွာအဝေးသို့ ရောက်သည့်အခါ ရေကြောင်းပြရေယာဉ်မှ ရေကြောင်းပြမှူးကြီးက အချက်ပြရန် တောင်းခံလျှင် အပြည်ပြည်ဆိုင်ရာသုံး အချက်ပြအလံ လွှင့်ထူရန် ပျက်ကွက်ခြင်းမရှိစေရ။

၇၆။ မည်သည့် ရေယာဉ်မှူးမျှ -

(က) ဆိပ်ကမ်းအတွင်း ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော အချက်ပြမီးများကို မိမိ၏ရေယာဉ်တွင် ထွန်းညှိထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ဆိပ်ကမ်းတစ်ခုခုတွင် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက လုပ်ငန်းလိုအပ်ချက်အရ အခြားရေယာဉ်တစ်စီးစီးအတွက် မိမိရေယာဉ်တွင် ချည်နှောင်ခွင့်တောင်းဆိုလျှင် လိုက်နာဆောင်ရွက်ရန်ငြင်းဆိုခြင်း သို့မဟုတ် ချည်နှောင်ထားသည့် ကြိုးကိုဖြုတ်ရန် အကြောင်းကြားချက်မရမီအတွင်း အဆိုပါကြိုးကို ဖြုတ်ခြင်းမပြုရ။

(ဂ) နေဝင်ချိန်မှ နေထွက်ချိန်အထိ ဆိပ်ကမ်းအတွင်း အခြားရေယာဉ်များသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မိမိ၏ရေယာဉ်တွင် ချည်နှောင်ထားသည့် ကြိုးတစ်စုံတစ်ရာကိုဖြစ်စေ၊ ပစ္စည်းတစ်စုံတစ်ရာကိုဖြစ်စေ ရေယာဉ်၏ပြင်ပသို့ အစွန်းထုတ်ထားခြင်းမပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(၁) တရားမဝင်သော အလံနှင့်အချက်ပြအမှတ်အသားတို့ကို လွှင့်ထူခြင်း၊ ပြသခြင်းမပြုရ။

(၂) သတ်မှတ်ထားသော အလံနှင့် အချက်ပြအမှတ်အသားတစ်ခုခုကို လွှင့်ထူရန်နှင့် ပြသရန် ပျက်ကွက်ခြင်း မရှိစေရ။

(၃) ရေယာဉ်အချင်းချင်း ဘေးချင်းယှဉ်၍ ဆိုက်ကပ်ရပ်နားခြင်း မပြုရ။

(၄) ဆိပ်ကမ်းတံတားမှ ရေယာဉ်အားဖယ်ရှားရန် အမိန့်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

(၅) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက ရေယာဉ်ကို လိုသည့်နေရာရောက်အောင်ကြိုးဖြင့်ဆွဲရေးအတွက် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(၆) ရေယာဉ်ဆိုက်ရောက်ကြောင်း သတင်းပို့ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် မမှန်မကန် သတင်းပို့ခြင်းမပြုရ။

၇၇။ မည်သည့် ရေယာဉ်မှူး သို့မဟုတ် ပိုင်ရှင်မျှ ဆိပ်ကမ်းဝန်ဆောင်ခများကို တိမ်းရှောင်ရန်အလို့ငှာ-

(က) ရေယာဉ်ကို မောင်းနှင်ထွက်ပြေးခြင်းမပြုရ။

(ခ) ကုန်စည်များကို အလေးချိန် သို့မဟုတ် အရေအတွက်ကို လျှော့၍ပြခြင်း၊ ကုန်စည်များကို ရွှေ့ပြောင်းခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း မပြုရ။

(ဂ) ရေယာဉ်၏ မှတ်ပုံတင်တန်ချိန်နှင့် ကုန်စည်တန်ချိန်တို့ကို မမှန်မကန် လျှော့ပြခြင်းမပြုရ။

၇၈။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုထားသည့် လုပ်ငန်းလိုင်စင်မရှိဘဲ ဆိပ်ကမ်းနယ်နိမိတ်အတွင်း -

(က) ပုဂ္ဂလိက ရေယာဉ်လုပ်ငန်းရှင်က ရေယာဉ်များအား စက်သုံးဆီနှင့် အခြားလိုအပ်ချက်များ ထောက်ပံ့သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဂ္ဂလိကလုပ်ငန်းရှင်က တွဲဆွဲခြင်း၊ ရေယာဉ်တွန်းခြင်း၊ သောင်တူးခြင်း သို့မဟုတ် ရေယာဉ်ဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဝင်ထွက်သွားလာသော ရေယာဉ်နှင့် ကုန်ပါစုစုပေါင်းတန်ချိန် ၅၀၀ ထက်ပိုသော ရေယာဉ်များအတွက် ရေကြောင်းပြမှူးကြီးအဖြစ် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၇၉။ မည်သူမျှ -

(က) ဆိပ်ကမ်းတစ်ခုခု၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏အမိန့်အရဖြစ်စေ စိုက်ထူထားသော သို့မဟုတ် စီမံချထားသော ဗော်ယာ၊ ကျောက်စွဲကိရိယာ သို့မဟုတ် အမှတ်အသားတစ်ခုခုကို ဖယ်ရှားခြင်း၊ ဖော်ခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ကြိုးလျှော့ခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်းမပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်ဆိုက်ကပ်ရန်နေရာ သို့မဟုတ် ဆိပ်ကမ်းတံတားတစ်ခုခုကို သော်လည်းကောင်း၊ ရေကြောင်းလမ်းညွှန် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ဆိပ်ကမ်း

နယ်နိမိတ်အတွင်း ဆိပ်ကမ်းလုပ်ငန်းများ လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အသုံးအဆောင် ပစ္စည်းကိရိယာတစ်ခုခုကိုသော်လည်းကောင်း ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းမပြုရ။

(ဂ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ရေလမ်းကြောင်းကို အတားအဆီးဖြစ်စေမည့် မည်သည့်ဆောင်ရွက်ချက်ကိုမျှ မပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ အပါအဝင် တာဝန်ရှိသူများက ရေယာဉ်ပေါ်နှင့် ဆိပ်ကမ်း နယ်နိမိတ်အတွင်း ဝင်ရောက်စစ်ဆေးခြင်းကို ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

(စ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဥပဒေနှင့်မညီဘဲ လက်နက်ခဲယမ်းများ ပစ်ဖောက်ခြင်း၊ မီးပန်းလွှတ်ခြင်း မပြုရ။

(ဆ) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက မီးဘေးကာကွယ်တားဆီးရေးအတွက်သော်လည်းကောင်း၊ မီးငြိမ်းသတ်နိုင်ရေးအတွက်သော်လည်းကောင်း ညွှန်ကြားသည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ မမှန်မကန် သတင်းပို့ခြင်းမပြုရ။

(ဇ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကျောက်ချဆိုက်ကပ်ရပ်နားထားသော ရေယာဉ်ကို ဆိပ်ကမ်းထိန်းသိမ်း စောင့်ရှောက်သူ၏ ခွင့်ပြုချက်မရှိဘဲ ကျောက်ကြိုးကို ဖြေလျှော့ခြင်းမပြုရ။

(ဈ) ရေယာဉ်တစ်စီးစီးက ကျောက်စွဲကိရိယာများ သို့မဟုတ် ဖော်ယာများနှင့် ငြိတွယ်ခြင်း၊ ချိတ်မိ နေခြင်းဖြစ်ပါက ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက် သို့မဟုတ် အကူအညီမပါဘဲ ထိုကျောက်စွဲကိရိယာ သို့မဟုတ် ဖော်ယာကိုဖော်ယူခြင်း၊ ဖယ်ရှားခြင်းမပြုရ။

၈၀။ မည်သူမျှ ရေထုညစ်ညမ်းမှုများ သို့မဟုတ် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေရန် -

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်း သွားလာနေသော ရေနံတင်ရေယာဉ်၊ ဆီတင်ရေယာဉ်၊ ဓာတုပစ္စည်းတင် ရေယာဉ်တို့မှလည်းကောင်း၊ ရေနံအစမ်းတွင်းများ၊ ရေနံတွင်းများနှင့် ရေနံပိုက်လိုင်းများမှ လည်းကောင်း၊ ရေယာဉ်တိုက်မှု သို့မဟုတ် သောင်တင်မှုဖြစ်ပေါ်ရာမှလည်းကောင်း ဆီယိုဖိတ် စေခြင်း သို့မဟုတ် ဆီနှင့်ရောနှော အညစ်အကြေးများစွန့်ပစ်ခြင်း မပြုရ။

(ခ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ၊ ရေပေါ်ရေအောက် သယံဇာတရှာဖွေရေးစင်နှင့် အဆောက်အအုံများမှ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ၊ အဆိပ်သင့်ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် စွန့်ပစ်ပစ္စည်းများကို ရေထုအတွင်းပစ်ချခြင်း၊ စွန့်ထုတ်ခြင်း သို့မဟုတ် ကျရောက်စေခြင်း မပြုရ။

(ဂ) ရေကြောင်းသွားလာမှုကို ဟန့်တားခြင်းဖြစ်ပေါ်နိုင်သော အခြားပစ္စည်းများကို ရေယာဉ်မှ ဆိပ်ကမ်း တစ်ခုခုအတွင်းသို့ ပစ်ချခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် ကျရောက်စေခြင်းမပြုရ။

(ဃ) ဒီရေကြောင့်ဖြစ်စေ၊ မုန်တိုင်းကြောင့်ဖြစ်စေ၊ ကုန်းပေါ်၌ ရေလျှံမှုကြောင့်ဖြစ်စေ ဆိပ်ကမ်းအတွင်းသို့ လျှောကျနိုင်သည့် ပစ္စည်းများကို ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့၌ စွန့်ပစ်ခြင်း သို့မဟုတ် ချထားခြင်းမပြုရ။

၈၁။ မည်သူမျှ -

(က) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ညွှန်ကြားချက်နှင့်ဆန့်ကျင်၍ဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ တားမြစ်ချက်နှင့် ဆန့်ကျင်၍ဖြစ်စေ မည်သည့်ရေယာဉ်ကိုမျှ ဆိပ်ကမ်းတစ်ခုခု အတွင်း ကမ်းထိုးတင်ခြင်း၊ မီးမြှိုက်ခြင်း သို့မဟုတ် မှိုင်းတိုက်ခြင်း မပြုရ။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ ဆိပ်ကမ်းအတွင်း ရေယာဉ်ပေါ်၌ဖြစ်စေ၊ တားမြစ်နယ်မြေအတွင်း၌ဖြစ်စေ ဂဟေဆော်ခြင်းသော်လည်းကောင်း၊ ကတ္တရာ၊ အင်တွဲ၊ ပွဲ့လျက်၊

တာပင်တိုင်၊ ဆီ သို့မဟုတ် မီးစွဲလောင်နိုင်သည့် အခြားအရာဝတ္ထုများကို ကျိုချက်ခြင်း သော်လည်းကောင်း မပြုလုပ်ရ။

(ဂ) ဆိပ်ကမ်းတစ်ခုခု၌ ရေယာဉ်ပေါ်တွင် မီးကိုအကာအကွယ်မရှိဘဲ ထွန်းညှိ၍ လောင်စာဆီများ ထုတ်ယူခြင်းမပြုရ။

(ဃ) ဆိပ်ကမ်းနယ်နိမိတ်အတွင်း ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရရှိဘဲ ကျောက်ဆူး၊ ကျောက်ကြိုးနှင့် အခြားပစ္စည်းများကို ရေငုပ်၍ဖြစ်စေ၊ ကြိုးတိုက်၍ဖြစ်စေ ရှာဖွေခြင်းမပြုရ။

(င) ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ၏ ခွင့်ပြုချက်မရှိဘဲ ဆိပ်ကမ်းတစ်ခုခု၏ ကမ်းပါးနယ်နှင့် ကမ်းနားနယ်မှ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်၊ သဲမြေ သို့မဟုတ် ကမ်းမပြိုအောင် ကာကွယ်ထားသည့် အရာများကို ဖယ်ရှားခြင်း သို့မဟုတ် ရွှေ့ပြောင်းသယ်ဆောင်ခြင်းမပြုရ။

(စ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်တွင် ခွင့်ပြုချက်မရှိဘဲ ဗော်ယာ၊ ရေယာဉ်ချည်တိုင်၊ ကျောက်ဆူး သို့မဟုတ် အခြားမည်သည့်အရာကိုမျှ စိုက်ထူမြှုပ်နှံခြင်း မပြုရ။

(ဆ) ရေယာဉ် ဟန်ချက်ညီစေရန် ရေယာဉ်ဝမ်းစာများကို စည်းကမ်းချက်နှင့်မညီဘဲ စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်းမပြုရ။

၈၂။ မည်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်းတစ်ဦးဦးမျှ မိမိအကျိုးစီးပွားအတွက်-

(က) ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင် ဆောင်ရွက်ခြင်း မပြုရ။

(ခ) ဆိပ်ကမ်းဆိုင်ရာ စီးပွားရေးလုပ်ငန်းအတွက် ချုပ်ဆိုသော စာချုပ်တွင် ပါဝင်ချုပ်ဆိုခြင်း သို့မဟုတ် ပတ်သက်ခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကျိုးအမြတ်ဖြင့် ငွေချေးခြင်း မပြုရ။

၈၃။ မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ပေးအပ်သူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူက ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း (၁၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၈၄။ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သည့်ရေယာဉ်မှူးမဆို ပုဒ်မ ၇၅၊ ၇၆ သို့မဟုတ် ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၇၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၇၉ သို့မဟုတ် ၈၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများ ဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို ပုဒ်မ ၈၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၂၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အရာထမ်း၊ အမှုထမ်းမဆို ပုဒ်မ ၈၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၈)
## ဆုကြေးငွေချီးမြှင့်ခြင်း

၉၂။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင်သော်လည်းကောင်း မိမိ၏ ဝန်ထမ်းများအား ဆုကြေး ချီးမြှင့်နိုင်သည်။

၉၃။ ဆုကြေးငွေချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရဝန်ထမ်းများကို ဆုကြေးငွေများ ခွဲဝေသတ်မှတ်ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများအပေါ် မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှု ဆုကြေးငွေများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း၊

(ခ) ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ နည်းစနစ်သစ်များ တီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျသုံးစွဲနိုင်ခြင်း၊

(င) လေလွင့်ပျက်စီးဆုံးရှုံးမှုလျော့နည်းခြင်း။

## အခန်း (၁၉)
## အထွေထွေ

၉၄။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်အောက်ရှိစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ အလုပ်ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများသည် မိမိတို့တာဝန်ယူသည့်လုပ်ငန်း၏ တိုးတက်အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံရမည်။

၉၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ရသော စီးပွားရေးအဖွဲ့အစည်းဖြစ်၍ ယင်း၏ လည်ပတ်သော ငွေကြေးနှင့်ပိုင်ဆိုင်သော ပစ္စည်းမှန်သမျှသည် နိုင်ငံတော်က ပိုင်ဆိုင်သည်ဟု မှတ်ယူရမည်။

၉၆။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဤဥပဒေအရ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် အခြားဝန်ဆောင်ခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၉၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူဆောင်ရွက်ရမည်။

၉၈။ ရေယာဉ်ပေါ်မှ ကုန်စည်များချပေး၍ လွှဲပြောင်းလက်ခံပြေစာရရှိပြီးဖြစ်လျှင် ထိုကုန်စည်များကို ရေယာဉ်ပေါ်မှချပြီး နောက်ပိုင်းတွင် ပျောက်ဆုံးမှု၊ ပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်မှုအတွက် ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်ပိုင်ရှင်အပေါ်တွင် တာဝန်မရှိစေရ။

၉၉။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ဝင်များ၊ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဆိပ်ကမ်း ထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဝန်ထမ်းများသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင် နေချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထား နိုင်သည်။

၁၀၁။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားရှိ အပိုဒ် ၁၄၉ သည် မြန်မာ့ဆိပ်ကမ်းအာဏာ ပိုင်ကဖြစ်စေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားဖြစ်စေ စွဲဆိုသည့်တရားမမှုများနှင့် သက်ဆိုင်စေရမည်။

၁၀၂။ The Yangon Port Act (Act No. IV of 1905) နှင့် The Outports Act (Act No. II of 1914) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၁၀၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ပေးအပ်သူ သို့မဟုတ် ဆိပ်ကမ်းထိန်းသိမ်းစောင့်ရှောက်သူ သည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်ကို ထုတ်ပြန်နိုင်သည်။

၁၀၄။ The Yangon Port Act (Act No. IV of 1905) နှင့် The Outports Act (Act No. II of 1914) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် )

### ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းရက်မှစ၍ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၂/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးအပေါ် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ် ထုတ်ပြန်ကြေညာခြင်း**

၁။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၅) မှ ဦးဇော်မြင့်ဖေက ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးအတွက် ပြင်ဆင်မှုများပါရှိသဖြင့် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများ၏ အမြင်နှင့် အကြံပြုချက်များကို ရယူသင့်သည်ဟု ယူဆပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့နှင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး နေ့စဉ် နံနက် (၁၀း၀၀) နာရီမှ စတင်၍ တစ်ရက်လျှင် နိုင်ငံရေးပါတီ (၂၅) ပါတီခန့်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ပုဂ္ဂိုလ် (၂၅) ဦးခန့်နှင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ တက်ရောက်ဆွေးနွေးလိုသည့် ပုဂ္ဂိုလ်များအတွက် နေပြည်တော်တွင် ကြိုဆိုပို့ဆောင်ရေး၊ တည်းခို နေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်များစီစဉ်ပေးခြင်းကို အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ယူစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ တက်ရောက်လိုသည့် ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ရုံး၊ ဖုန်းအမှတ် ၀၆၇-၅၉၁၂၄၄၊ ၀၆၇-၅၉၁၂၄၅၊ ၀၉-၅၄၀၇၈၃၉၊ ၀၉-၅၀၁၆၅၈၀ များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်က အမျိုးသားလွှတ်တော်သို့တင်သွင်းသော **'ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း'** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၂ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည် -

၁၂-က။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များ အတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ရရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာ (၇/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၃/၁၃၇၇-ပြောင်းရွှေ့/အဖရ (၂၀၁၅) နှင့် ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၀၂/ပသ(စမ-၁) ၀ထ၁/၂၀၁၅-၁၅ တို့အရ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါက်တာတင်နွယ်အေးအား ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ရုံးသို့ လစာနှုန်းတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည်။

မြသိန်း
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၅

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

**လက်ထောက်ညွှန်ကြားရေးမှူးရာထူးခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၅) ဖြင့် အတည်ပြုချက်အရ တပ်မတော်အငြိမ်းစားအရာရှိ ဗိုလ်မှူးအောင်ဇော်သန့် (ငြိမ်း) အား စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် လစ်လပ်လျက် ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀ -၂,၀၀၀ - ၁၇၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

**ဦးစီးအရာရှိရာထူးခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် နေ့စွဲပါ စာအမှတ်၊ ၆၆/၁၄၃- ပြောင်းရွှေ့/အဖရ (၂၀၁၅) ဖြင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်းတာဝန် ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀ -၂,၀၀၀ - ၁၅၀,၀၀၀) ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်အပ်သည့်ရာထူး | ခန့်အပ်တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| **မကွေးတိုင်းဒေသကြီး** | | | |
| (၁) | ဒေါ်တဥ္စာစိုး | ဦးစီးအရာရှိ | ပွင့်ဖြူမြို့နယ် |
| (၂) | ဒေါ်သော်ဦးမေ | ဦးစီးအရာရှိ | မင်းဘူးခရိုင် |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက် )

**ဦးစီးအရာရှိရာထူးခန့်ထားခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် နေ့စွဲပါ စာအမှတ်၊ ၅၃/၁၄၃-ပြောင်းရွှေ့/အဖရ (၂၀၁၅) ဖြင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော စက်မှုဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ အရာထမ်း (၂) ဦးတို့အား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀ -၂,၀၀၀ - ၁၅၀,၀၀၀) ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်အပ်သည့်ရာထူး | ခန့်အပ်တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (၁) | ဦးတင်ထွဋ် | ဦးစီးအရာရှိ | ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ် |
| (၂) | ဒေါ်ဟေမာလှိုင် | ဦးစီးအရာရှိ | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၈/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

**ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦးအစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးစောကြိုင်ထွေး အစား ဦးစောဂေးလ်ဘတ်ဂျီးအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၉/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက် )

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ ရွာငံမြို့၊ ဈေးတန်း (တောင်ပိုင်း) ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (ဈ-၃၄၈)၊ ဦးတင်မောင်ဦးနေအိမ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ** အား

၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ** ၏မှတ်ပုံတင်အမှတ်မှာ (၈၁) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၀/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် )

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် (၃၆၆/က) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ** အား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ** ၏မှတ်ပုံတင်အမှတ်မှာ (၈၂) ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ ရက် )

စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ၂) ၂၀၁၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသော ကြည်း ၃၁၉၄၅ ဗိုလ်မှူးသက်ဦးထွန်းအား နိုင်ငံတကာနှင့်ပြည်တွင်းရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာ၌ ဧပြီလ (၁) ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

အမှတ် ၁၇ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၅) ၏သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ ဒုတိယအင်ဂျင်နီယာချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးလှိုင်မိုးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲတွင် လစ်လပ်လျက်ရှိသော အင်ဂျင်နီယာချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက် )

အမှတ် ၁၈ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅) ၏သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (ငွေစာရင်း) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါ်စိန်စိန်ဝင်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )

အမှတ် ၁၉ ။ ။ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ (၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/ လစာနှုန်း/ နေရာ** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ လစာနှုန်း/နေရာ** |
|---|---|---|---|
| (က) | ဦးစိုင်းသိန်းလွင် | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ကယားပြည်နယ် | ဒုတိယညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ကယားပြည်နယ် |
| (ခ) | ဦးခမ်လျန်ဆုမ်း | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ချင်းပြည်နယ် | ဒုတိယညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ချင်းပြည်နယ် |
| (ဂ) | ဒေါ်နီနီချို | လက်ထောက်ညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တနင်္သာရီတိုင်းဒေသကြီး | ဒုတိယညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တနင်္သာရီတိုင်းဒေသကြီး |

## (ဝန်ကြီးရုံး)

အမှတ် ၂၀။ ။ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ (၃) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/နေရာ** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး/နေရာ** |
|---|---|---|---|
| (က) | ဦးလှမျိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး | လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီး |
| (ခ) | ဒေါ်ခင်ခင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီး | လက်ထောက်ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ် |
| (ဂ) | ဦးကျော်ဌေး | လက်ထောက်ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ် (အင်အားပြ)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(တွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး (အင်အားပြ)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (တွဲဖက်) |

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၂၁။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ နေရာ လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း** |
|---|---|
| ဦးမောင်ဖေ<br>ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၆ ရက် )

အမှတ် ၂၂။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး/ လစာနှုန်း/နေရာ** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး/လစာနှုန်း/နေရာ** |
|---|---|---|---|
| (က) | ဒေါ်နှင်းဝင့်စံ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြည်ခရိုင်ရုံး | စာပေစိစစ်ရေးမှူး<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ |
| (ခ) | ဒေါ်ကြင်ကြင်သန်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ကော့သောင်းခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ပြည်ခရိုင်ရုံး |

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

အမှတ် ၂၃ ။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဒေါ်နှင်းဝင့်စံအား ကျန်းမာရေးအခြေအနေအရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၂၄ ။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးခိုင်မင်းကျော်အား မိမိ၏ဆန္ဒပြုချက်အရ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

## အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

အမှတ် ၂၅ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ် အဝေါ်များနှင့်လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၅) ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

အမှတ် ၂၆ ။ ။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် (သို့မဟုတ်) ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်ဦးတင့်ဆွေအား ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၅) ဖြင့် တာဝန်ပေးအပ်လိုက်သည်။

အမှတ် ၂၇ ။ ။ ဦးတင့်ဆွေသည် ညွှန်ကြားရေးမှူးချုပ်အဆင့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၆၀ နှင့်အညီ လစဉ်ငွေကျပ် ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကိုလက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၆ ရက် )

အမှတ် ၂၈ ။ ။၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ဖွဲ့စည်းပုံကို အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းကြောင့် ဖျက်သိမ်းလိုက်သည့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်း

(၁၇) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်၊လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း** |
|---|---|---|
| (၁) | ဦးသိန်းနိုင်<br>ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၂) | ဦးအောင်မျိုးသန့်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၃) | ဦးစန်းနွယ်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ငွေစာရင်းဌာနစိတ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၄) | ဦးဟန်လင်းအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၅) | ဦးအောင်နိုင်ဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၆) | ဦးမျိုးမြင့်အောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၇) | ဦးအောင်ကျော်ထက်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၈) | ဦးတက်ထွန်းတိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုံးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၉) | ဦးမောင်မောင်ဌေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ရုံးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၀) | ဒေါ်ကျော့ကေခိုင်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၁) | ဦးအောင်လှိုင်ဝင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

| စဉ် | အမည်၊လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|
| (၁၂) | ဒေါ်ကလျာဦး<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၃) | ဦးဇော်မင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၄) | ဦးသိန်းဖေမြင့်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၅) | ဦးတင်ကိုဝင်း<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၆) | ဦးရန်နိုင်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| (၁၇) | ဒေါ်ခိုင်ဝင်းနွယ်<br>ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

အမှတ် ၂၉။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေခဲ့သော ကြည်း ၁၉၅၉၃ ဒုတိယဗိုလ်မှူးကြီးအောင်သန်းအား ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဌာနခွဲ (စာပေဗိမာန်) ၌ လစ်လပ်လျက်ရှိသော စာတည်းမှူးချုပ် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက် )

အမှတ် ၃၀။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၆/၂၀၁၅)ဖြင့် ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်အတွက် **'အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ'** တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) အား ဒုတိယဥက္ကဋ္ဌ အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

ရဲထွဋ်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၅

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ သမ္မတ၊ ဒုတိယသမ္မတများ၏ အိမ်တော်များဆိုင်ရာ ဌာနကြီးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) နေရာတွင် အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများဆိုင်ရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၅

ခွင့်ပြုထားသည့်နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြား ရေးမှူး (၇) ဦးအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဦးမျိုးမင်းထွန်း
(၂) ဦးအောင်ရွှေဝင်း
(၃) ဦးစိုးမိုးအောင်
(၄) ဦးစိုးဝင်းနိုင်
(၅) ဦးနေဇာအောင်
(၆) ဦးအောင်နေမျိုး
(၇) ဦးကျော်လွင်

### အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၅

ခွင့်ပြုထားသည့်နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၅) ဦးအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်မြသဲဖြူလွင်
(၂) ဒေါ်နှင်းခက်စိမ်း
(၃) ဒေါ်သီတာမြင့်
(၄) ဒေါ်ရီရီအေး
(၅) ဒေါ်လွင်လွင်မာ
(၆) ဒေါ်လွင်လွင်ဌေး

(၇) ဒေါ်အေးအေးမူ
(၈) ဦးမျိုးမင်းစိုး
(၉) ဒေါ်နုနုအောင်
(၁၀) ဦးဖုန်းဆွေ
(၁၁) ဦးအောင်ဗလဟိန်း
(၁၂) ဒေါ်ကေသီအောင်
(၁၃) ဒေါ်ခင်နွဲ့ကြည်
(၁၄) ဒေါ်ချိုချိုပြုံး
(၁၅) ဒေါ်ခင်ခင်ဌေး

## အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၅

ခွင့်ပြုထားသည့်နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂၁) ဦးအား ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ညနေပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်ငြိမ်းငြိမ်းထွန်း
(၂) ဦးဇော်နိုင်ဦး
(၃) ဒေါ်ဝင်းအိမွန်
(၄) ဦးကျော်လင်းဦး
(၅) ဒေါ်အေးသူစံ
(၆) ဒေါ်တင်သက်မာ
(၇) ဒေါ်သက်သက်မော်
(၈) ဒေါ်တင်နှင်းဖြူ
(၉) ဒေါ်အလိမ္မာထွန်း
(၁၀) ဒေါ်စန်းစန်းမျိုးစံ
(၁၁) ဦးရဲမင်းထွန်း
(၁၂) ဒေါ်မေသရဖူဝင်း
(၁၃) ဒေါ်စန်းစန်းနု
(၁၄) ဒေါ်ကြွယ်ကြွယ်ထွန်း
(၁၅) ဒေါ်ဖြိုးအိအိကျော်
(၁၆) ဦးအောင်ပိုင်မင်း
(၁၇) ဦးသန်းလင်းအောင်
(၁၈) ဦးထွန်းစိုး
(၁၉) ဦးဝင်းကျော်
(၂၀) ဒေါ်နှင်းလွင်ဦး
(၂၁) ဦးအောင်စန်း

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၄) အရ ညွှန်ကြားရေးမှူး၊ ဦးကိုကိုနိုင်အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်<br>( ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**မြန်မာ ဟုန်ဖာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်**

**(MYANMAR HONG FA INVESTMENT & DEVELOPMENT COMPANY LIMITED.)**

၂၀၁၅ ခုနှစ်၊ မေလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာ ဟုန်ဖာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် (MYANMAR HONG FA INVESTMENT & DEVELOPMENT COMPANY LIMITED.)** အား (၁၁. ၅. ၂၀၁၅) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Hla Hla Win
Managing Director
MYANMAR HONG FA INVESTMENT
& DEVELOPMENT COMPANY LIMITED.

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**လွိုင်မွေ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**

**(LOI MWE MINING COMPANY LIMITED.)**

၂၀၁၅ ခုနှစ်၊ မေလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **လွိုင်မွေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (LOI MWE MINING COMPANY LIMITED.)** အား (၁၁. ၅. ၂၀၁၅) ရက်နေ့မှစ၍ အစုဝင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Maung Maung Win | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| LOI MWE MINING COMPANY LIMITED. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ နောက်ဆုံးအစည်းအဝေးကို အမှတ် - (ဘီ-၁)၊ သီရိမင်္ဂလာအိမ်ရာဝင်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ (၃၀. ၆. ၂၀၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ငွေတောင်ချွန်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## LWIN GLOBAL COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**LWIN GLOBAL COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ အမှတ် - (ဘီ-၁)၊ သီရိမင်္ဂလာအိမ်ရာဝင်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ (၃၀. ၆. ၂၀၁၅) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ

အထက်တန်းရှေ့နေ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

LWIN GLOBAL COMPANY LIMITED

## MYANMAR CHANGE INITIATIVE COMPANY LIMITED.

ဖျက်သိမ်းရန်ကြေညာချက်

၁။　**MYANMAR CHANGE INITIATIVE COMPANY LIMITED.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၈-၅-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P, M.A (Business Law), PG Dip in Law (အထက်တန်းရှေ့နေ)] [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးပြည့်စုံညိမ်း
မန်နေးဂျင်းဒါရိုက်တာ
MYANMAR CHANGE INITIATIVE
COMPANY LIMITED.

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**မဟာဈေးကွက် စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက်**

**(MASTER MARKETING MANAGEMENT CO.,LTD.)**

၂၀၁၅ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **မဟာဈေးကွက် စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက် (MASTER MARKETING MANAGEMENT CO.,LTD.)** အား ၂၀၁၅ ခုနှစ်၊ မေလ (၁၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Min Ta La Nyan | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Master Marketing Management Co.,Ltd. | (ဖျက်သိမ်းဆဲ) မဟာဈေးကွက်စီမံခန့်ခွဲမှုကုမ္ပဏီလီမိတက် |

**ဇက် အမ်(မ်) အိပ် (ချ်) ကဒ် ကုမ္ပဏီလီမိတက်**

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ အပြီးသတ်

နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါလီမိတက် အစုရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို (၂၉. ၆. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် [တိုက်-(၂၅)၊ လိပ်ကန်လမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| BANYA ZAW | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ZMH Card Co.,Ltd. | (ဖျက်သိမ်းဆဲ) ဇက်အမ်(မ်)အိပ်(ချ်)ကဒ်ကုမ္ပဏီလီမိတက် |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**စိုးအိ ကုမ္ပဏီလီမိတက်**

**(SOEI CO.,LTD.)**

၂၀၁၅ ခုနှစ်၊ မေလ (၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **စိုးအိ ကုမ္ပဏီလီမိတက် (SOEI CO.,LTD.)** အား ၂၀၁၅ ခုနှစ်၊ မေလ (၁၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Ko Ko Aung | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Soei Co.,Ltd. | (ဖျက်သိမ်းဆဲ) စိုးအိ ကုမ္ပဏီလီမိတက် |

**Caravan Myanmar Travels & Tours Company Limited**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Caravan Myanmar Travels & Tours Company Limited** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၀-၅-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သလန (နိုင်) ဝ၃၃၂၅၉] အား ခန့်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ် ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| | |
|---|---|
| ဒေါ်သန်းသန်းအေး | ဦးဆန်းထွန်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A, F.B.S.A) |
| Caravan Myanmar Travels & Tours Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | Caravan Myanmar Travels & Tours Co.,Ltd. |
| | (ဖျက်သိမ်းဆဲ) |

## ကြယ်စင်နှင့် ညီမျှခြင်း အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (Star & Equal International Trading Company Limited) အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကြယ်စင်နှင့် ညီမျှခြင်း အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Star & Equal International Trading Company Limited) ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့ နေ့လယ် (၁၄း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ တိုက်အမှတ်-၁၅၈/၁၆၈၊ အခန်းအမှတ်-၁၉ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းလင်း တင်ပြပါမည်။

| | |
|---|---|
| Daw Myint Myint San | ဦးဝင်းထွန်းအောင် |
| Director | ဘီကွမ်း၊ စီပီအေ၊ အမ်ဘီအေ |
| Star & Equal International Trading Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## VIHARA TRADING COMPANY LIMITED.
ဖျက်သိမ်းရန်ကြေညာချက်

၁။ **VIHARA TRADING COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအရအလိုအလျောက် ဖျက်သိမ်းရန် (၂၈-၅-၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၈၁/၁၈၃၊ ပထမထပ်၊ အခန်းအမှတ်-၃၀၃၊ (၄) လွှာ၊ ၃၄ လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချို့ချို့မြင့် B.Com (Q), C.P.A, Dip in Business Law (စာရင်းစစ်) [၈/ခမန (နိုင်) ၀၀၆၅၇၆] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်သူဝင်း | ဒေါ်ချို့ချို့မြင့် |
| မန်နေးဂျင်းဒါရိုက်တာ | စာရင်းစစ် |
| VIHARA TRADING COMPANY LIMITED. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |